# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၃၁)

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကောင်စီတွဲဖက်အတွင်းရေးမှူး

စာမျက်နှာ ၁၆ ကော်လံ ၁ ★




ပွဲကောက်ရေတံခွန်
(BE.FALLS)
အပန်းဖြေစခန်း
BE.FALLS ရဲ့ပန်းပွဲတော်နှင့်အတူ
ပြင်ဦးလွင် ပန်းမြို့တော်၏ သဘာဝပတ်ဝန်းကျင်အလှများကို
လာရောက်ကြည့်ရှုခံစားနိုင်ပါပြီ။

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်)

# ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုမြန်မာ့ရိုးရာသင်္ကြန်

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(UNESCO)သည် ၂၀၀၉ ခုနှစ်မှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးများ၏ရိုးရာဓလေ့များ၊ အစဉ်အလာများ၊ ပွဲတော်များနှင့်ပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ထားသည်။ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက် အသိအမှတ်ပြုထားခြင်းဖြင့် အဆိုပါနိုင်ငံ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုကို ကမ္ဘာက အလွယ်တကူသိရှိနိုင်သည်။ ရှေးဟောင်းမြို့တော်များ၊သမိုင်းဝင်နေရာများအား ဒြပ်ရှိယဉ်ကျေးမှုအဖြစ်သတ်မှတ်ထားပြီး လူမျိုးတစ်မျိုး၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့အား ထိန်းသိမ်းစောင့်ရှောက်ရန် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခန်းကဏ္ဍသစ်တစ်ရပ်ကို တိုးချဲ့ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်သည့်နိုင်ငံဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များသည် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာ့မြေပေါ်တွင်တည်ရှိလာခြင်းဖြစ်သည်။ ပုဂံ၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းနှင့်ညောင်ကန်ဒေသကဲ့သို့အခိုင်အမာရှိပြီးဖြစ်သော သမိုင်းအမွေအနှစ်များလည်းရှိသည်။ မြန်မာနိုင်ငံရှိပြည်သူများသည် စိတ်ချမ်းသာကိုယ်ကျန်းမာနှင့်နေထိုင်ကြသူများဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံးပွဲတော်များကိုကျင်းပလေ့ရှိကြသည်။ ဆယ့်နှစ်လရာသီပွဲတော်များအဖြစ် တန်ခူးလတွင် သင်္ကြန်ပွဲတော်၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်၊ နယုန်လတွင်စာပြန်ပွဲတော်၊ ဝါဆိုလတွင် ပဉ္စင်းခံပွဲတော်၊ ဝါခေါင်လတွင် စာရေးတံပွဲတော်၊ တော်သလင်းလတွင်ရေသဘင်ဟုခေါ်သည့် လှေသဘင်ပွဲတော်၊ သီတင်းကျွတ်လတွင် မီးမြင်းမိုရ်ပွဲတော်၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ နတ်တော်လတွင် စာဆိုတော်ပွဲနှင့် မဟာပိန္နဲနတ်ပွဲ၊ ပြာသိုလတွင်မြင်းခင်းပွဲတော်၊ တပို့တွဲလတွင် ထမနဲပွဲ၊ မီးဖုန်းပွဲတော်၊ တပေါင်းလတွင် သဲပုံစေတီပွဲတော်တို့ကို ကျင်းပလေ့ရှိကြသည်။

ထို့ပြင် ပုန်းမကြည်ပွဲကဲ့သို့ ကျေးလက်ရိုးရာပွဲများ၊ မနောပွဲ၊ ဒုံးယိမ်းပွဲနှင့် ကောက်သစ်စားပွဲကဲ့သို့ တိုင်းရင်းသားအသီးသီး၏ပွဲတော်များ၊ တောင်ပြုန်းနှင့်ပခန်းရှိ ရိုးရာနတ်ပွဲများအပြင် မြန်မာ့သနပ်ခါး၊ ချိတ်လုံချည်၊ ငှက်ကြီးတောင်ဓား၊ ရုပ်သေးပညာ၊ ယွန်းပညာ၊ ဆိုင်းဝိုင်း၊ မြန်မာ့လက်ဖွဲ့ဇန်တိုဇန်ရှည် စသဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ်သတ်မှတ်နိုင်သော အမျိုးအစားပေါင်း ၂၀၀၀ ကျော်ပိုင်ဆိုင်ထားရှိပါသည်။ မြန်မာ့ရိုးရာအမွေအနှစ်များသည် မိမိတို့အားမိဘဘိုးဘွားတို့က အမွေပေးခဲ့ခြင်းဖြစ်သည်။ ထိုအမွေအနှစ်များကို မျိုးဆက်သစ်အဆက်ဆက်တို့က မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်မှ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်တင်သွင်းနိုင်သည်အထိ လက်ဆင့်ကမ်းပေးရမည်ဖြစ်သည်။

ယူနက်စကိုအဖွဲ့မှသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီသော ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုများအား နှစ်စဉ်ဒီဇင်ဘာလအတွင်းပြုလုပ်သောညီလာခံတွင်မဲခွဲဆုံးဖြတ်ကာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင်ထည့်သွင်းအသိအမှတ်ပြုကြပါသည်။ ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံများ၏တင်ပြချက်များကိုသာ အဆုံးအဖြတ်ပေးခြင်းဖြစ်ကြောင်းသိရှိရသည်။ နိုင်ငံများ၏အစိုးရများအနေဖြင့် ထိုလုပ်ငန်းစဉ်များအား ကိုယ်တိုင် First person အနေဖြင့် လုပ်ဆောင်၍မရနိုင်ပေ။ အစိုးရအနေဖြင့် ထိုကဲ့သို့လုပ်ဆောင်နေသည့်အဖွဲ့အစည်းများအား သံတမန်ရေးရာအကူအညီနှင့် နောက်ကွယ်မှ ကူညီပံ့ပိုးပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာ တရားဝင်နည်းလမ်းများအား ကူညီဆောင်ရွက်ခြင်း စသည့်ကူညီထောက်ပံ့သည့်နေရာတွင်သာ ဆောင်ရွက်နိုင်သည်။

မြန်မာနိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် MCHT အဖွဲ့သည် Living Myanmar Media Group၊ Ko Hein's Vlog စသည့်မီဒီယာများနှင့်ပူးပေါင်းကာ မြန်မာနိုင်ငံအနှံ့ ဒေသအသီးသီးရှိ မြန်မာ့ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပညာရှင်များ၊ ဒေသခံများဆီမှ ရိုးရာအတာသင်္ကြန်သည် မြန်မာနိုင်ငံသားများအားလုံး ပူးပေါင်းဆင်နွှဲလျက်ရှိသော မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်ပါသည်ဟူသည့် အချက်အလက်များဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုနိုင်ရေး ယူနက်စကိုသို့ တင်သွင်းခဲ့ကြသည်။ ထိုသို့တင်ပြရာတွင် မြန်မာနိုင်ငံ၏နေရာဒေသအသီးသီးတွင် ရိုးရာအတာသင်္ကြန်အား ဆင်နွှဲနေကြသည့်ပုံရိပ်များ၊ ပညာရှင်များမှ မြန်မာ့ရိုးရာအတာသင်္ကြန်သည် မြန်မာတို့၏မူပိုင်ရိုးရာအမွေအနှစ်ဖြစ်ကြောင်း၊ ဟိန္ဒူအယူအဆမှမဟုတ်ဘဲ ဗုဒ္ဓဘာသာ၏ယဉ်ကျေးမှုအမွေအနှစ်အစစ်ဖြစ်ကြောင်း သမိုင်းဆိုင်ရာသုတေသနပြုလုပ်ချက်များစသဖြင့် သက်သေအထောက်အထားများအား ဗီဒီယိုများပြုလုပ်ကာ Footage အဖြစ် စာတမ်းနှင့်တကွတင်ပြခဲ့သည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာ့ရိုးရာအတာသင်္ကြန်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုအဖြစ် စာရင်းသွင်းရန် ဆန်ခါတင်အဆင့်သတ်မှတ်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ပါရာဂွေးနိုင်ငံတွင်ကျင်းပမည့်ယူနက်စကို၏ (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာညီလာခံတွင် မြန်မာ့ရိုးရာအတာသင်္ကြန်အား မြန်မာတို့၏ကိုယ်ပိုင်ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် အတည်ပြုမဲခွဲဆုံးဖြတ်ရန်စီစဉ်ထားပြီးဖြစ်ပေရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံသားများ၏ ရိုးရာအတာသင်္ကြန်ပွဲတော်အား ကမ္ဘာမှအသိအမှတ်ပြုသည့် ကိုယ်ပိုင်ရိုးရာပွဲတော်အဖြစ် ဂုဏ်ယူစွာကျင်းပနိုင်တော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။




# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

နေပြည်တော် ဒီဇင်ဘာ ၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝက်စုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဝက်စုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ဦးကို ငွေကျပ်၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၇ ဒသမ ၄ သန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာ တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးကြောင်း သိရသည်။

**နေဘ်လူး**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၁၂-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၇:၂၅ | ဓမ္မပူဇာတေး | ၁၀။ | ၁၃:၄၀ | ခရီးလည်းသွားစကားလည်းဆို |
| ၂။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၃။ | ၈:၀၅ | အမျိုးသားရေးတေးကဗျာ | ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ | ၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် | ၁၃။ | ၁၉:၂၀ | **ယှဉ်ပြိုင်နွဲပျော်အမျိုးသား အားကစားပွဲတော်** |
| ၅။ | ၉:၁၅ | ကျန်းမာသုတ | ၁၄။ | ၁၉:၃၀ | (၃၈)ဖြာမင်္ဂလာ ပုဗ္ဗေစ ကတပုညတာ |
| ၆။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား | ၁၅။ | ည ၈ နာရီ | နိုင်ငံတကာသတင်း |
| ၇။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး | ၁၆။ | သတင်းအပြီး | မိုးလေဝသသတင်း |
| ၈။ | ၁၁:၅၅ | သီချင်းလက်ဆောင် | ၁၇။ | | အတွေးအမြင် |
| ၉။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ | | | |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများဖိတ်ခေါ်


နေပြည်တော် ဒီဇင်ဘာ ၄


မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းနေပြည်တော်၌ တတိယအကြိမ်မြောက် မွေးမြူရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၅)ရက်တွင် "Towards Sustainable Food System through Collaboration in Livestock and Aquaculture Research" "စားရေရိက္ခာရေရှည်တည်တံ့ဖူလုံဖို့သားငါးသုတေသနပူးပေါင်းဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဈေးကွက်ဝင် တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြုလူမှုစီးပွားရေးဆိုင်ရာနယ်ပယ်များမှ သုတေသနစာတမ်းများကို (၂၀-၁၂-၂၀၂၄)ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နိုးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန Website လိပ်စာ https://www.dlar.moali.gov.mm တွင်လည်းကောင်း၊ ဒေါက်တာဆောဘောမ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း ၀၉-၂၅၀၂၀၅၉၉၀၊ email sawvetdlar@gmail.com သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(သတင်းစဉ်)**




# စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ



ကျောက်ဆည် ဒီဇင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့်အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဒီဇင်ဘာလ ၃ ရက် မွန်းလွဲပိုင်းတွင် ခရိုင်လူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့်အလေ့အကျင့်များရရှိလာစေရေးနှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရန်၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသောကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# မြိတ်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံမျိုးစုံ ၇၀၄ ဧက စိုက်ပျိုးလျက်ရှိ

မြိတ် ဒီဇင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်မျိုးစုံ ၇၀၄ ဧကကို နိုဝင်ဘာလကုန်မှ စတင်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ဆောင်းသီးနှံနဲ့အတူစားဖိုဆောင်ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ဧက ၇၀၄ ဧကအထိ စိုက်ပျိုးဖို့လျာထားဆောင်ရွက်နေပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို နိုဝင်ဘာလအကုန်ကနေစတင်စိုက်ပျိုးနေပါပြီ။ သီးနှံမစိုက်မီအချိန်က ဒေသခံတောင်သူတွေကို ဈေးကွက်ဝင်သီးနှံတွေစိုက်ပျိုးဖို့နဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြောကြားသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင် ဟင်းသီးဟင်းရွက်များကို ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်အတွင်း စားသုံးသူများပြားသည့် သီးနှံများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၂)



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား ပန်းရန်သင်တန်းဆင်းပွဲကျင်းပ




လင်းခေး ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်နံနက်ပိုင်းတွင် ဝမ်တိန်းကျေးရွာ၌ကျင်းပရာ လင်းခေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက် တက်ရောက်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး လင်းခေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ လင်းခေးမြို့နယ် ဝမ်တိန်းကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက လက်သမား၊ ပန်းရန်သင်တန်းဆိုင်ရာ အသိပညာဗဟုသုတများ၊ သင်ခန်းစာဘာသာရပ်များကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် နိုဝင်ဘာလ ၁၉ ရက်မှ ဒီဇင်ဘာလ ၃ ရက်အထိ ၁၅ ရက်ကြာ အခမဲ့လေ့ကျင့်သင်ကြားပို့ချပေးကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ဆရာကြီးကို ကျွန်မပြောပြမယ် ကျွန်မကဒီလို အလုပ်တွေမှာ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ ဦးစီးအရာရှိ ညွှန်/မှူး၊ ညွှန်/ချုပ်စတဲ့ပုဂ္ဂိုလ်တွေရဲ့ ညွှန်ကြားချက်အတိုင်း အမိန့်စာထုတ်ပေးရတယ်။ ဝင်စာတွေကိုလက်ခံပြီး သက်ဆိုင်ရာဌာနတွေကို ပို့ပေးရတဲ့ တာဝန်ပဲရှိတာပါ"**

**စာရေးမကြီး ရှင်းပြလိုက်ချိန်တွင် ကျွန်တော့်မှာ ရှက်သလိုလိုဖြစ်သွားပြီး မချိသွားဖြဲရယ်နေလိုက်သည်။**

**ယမန်နေ့မှအဆက်**

ရုံးမြေညီထပ်အဝင်လမ်း ဟိုဘက်သည်ဘက်နံရံတွင်ကပ်ထားသော ကြော်ငြာစာရွက်များ၊ သတင်းဓာတ်ပုံများကို ရည်ရွယ်ချက်မရှိပါဘဲ လျှောက်ကြည့်နေမိသည်။ နောက်ဆုံးတစ်ချက် ကျွန်တော်စဉ်းစားလိုက်သည်။ ဤရုံးတွင် အပြောင်းအရွှေ့လျှောက်လွှာများကို လက်ခံသောနေရာ၊ အမိန့်စာများကို ထုတ်ပေးသောနေရာဆိုသည်ကို စုံစမ်းပြီး အရဲစွန့်ဝင်သွားလိုက်သည်။ အသားဖြူဖြူသွယ်သွယ် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရသည်။ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် မည်သူဖြစ်ကြောင်း၊ မည်သည့်အကြောင်းကြောင့် လာကြောင်းတို့ကို ပြောပြီး ကျွန်တော့်အိတ်ထဲမှ ပုစွန်ခြောက်တစ်ထုပ်ကိုထုတ်ပြီး သူ့စားပွဲပေါ် အရဲစွန့်တင်ပေးလိုက်သည်။

"ဟာ မလုပ်ပါနဲ့ဆရာကြီး၊ အဲဒီလို မလုပ်ပါနဲ့၊ ကျွန်မ ဘာမှလုပ်ပေးနိုင်တာ မဟုတ်ဘူး။ ဆရာကြီးပစ္စည်းပြန်ယူပါ" ဟုပြောပြီး ကျွန်တော့် ပုစွန်ခြောက်ထုပ်လေးကို ကောက်ကိုင်ပြီး ကျွန်တော့်ကို ဖွတ်တိုးပေးနေပါသည်။

"မယူပါဘူးဗျာ၊ စာရေးမကြီးပဲယူပါရပါတယ်"

သူကတိုးပေး ကျွန်တော်က ငြင်းဆန်နဲ့ အချိန်တော်တော်ကြာသည်။ ကျွန်တော် မည်သို့မျှပြန်လက်မခံမှန်း သိသွားလို့ပဲ ထင်သည်။ ပုစွန်ခြောက်ထုပ်လေးကို သူမ ပြန်ချထားလိုက်သည်။

"ဆရာကြီးကို ကျွန်မပြောပြမယ်၊ ကျွန်မက ဒီလိုအလုပ်တွေမှာ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ ဦးစီးအရာရှိ၊ ညွှန်/မှူး၊ ညွှန်/ချုပ်စတဲ့ပုဂ္ဂိုလ်တွေရဲ့ ညွှန်ကြားချက်အတိုင်း အမိန့်စာထုတ်ပေးရတယ်။ ဝင်စာတွေကိုလက်ခံပြီး သက်ဆိုင်ရာဌာနတွေကို ပို့ပေးရတဲ့တာဝန်ပဲရှိတာပါ"

စာရေးမကြီး ရှင်းပြလိုက်ချိန်တွင် ကျွန်တော့်မှာ ရှက်သလိုလိုဖြစ်သွားပြီး မချိသွားဖြဲရယ်နေလိုက်သည်။ ကျွန်တော်၏မသိနားမလည်မှု၊ ရိုးအမှုကိုကြည့်ပြီး စာရေးမကြီး သနားသွားသလားမသိ။ သူမ အကြံတစ်ခုတော့ပေးပါသည်။

"ဆရာကြီးကို ကျွန်မပြောပြမယ်၊ ဒီလိုကိစ္စမျိုးနဲ့ပတ်သက်လာရင် ညွှန်/မှူး ဆီသွားရပါတယ်။ ညွှန်/မှူးဆီသွားလိုက်ပါ။ ညွှန်/မှူးက အရွယ်သိပ်မကြီးသေးဘူး။ သွက်သွက်လက်လက်ရှိတယ်။ ကူညီတတ်ပါတယ်။ ညွှန်/မှူးဆီ သွားလိုက်ပါနော် ဆရာကြီး"

စေတနာပါသော ဝေါဟာရများဖြစ်၍ စာရေးမကြီးကို ကျွန်တော်ကျေးဇူးတင်နေမိသည်။ စာရေးမကြီးသည် ကျွန်တော်သွားရမည့်နေရာရုံးခန်းကိုပါ ညွှန်ပြပေးလိုက်သည်။ ကျွန်တော်သည် ကျေးဇူးတင်ပါကြောင်း လေးလေးစားစားပြောပြီး နှုတ်ဆက်ထွက်ခွာလာခဲ့မိပါသည်။ ကျန်သည့်ပုစွန်ခြောက်လေးတစ်ထုပ်ကိုလည်း လူကြီးကိုကန်တော့ဖို့ ကျွန်တော် ကိုင်ဆွဲလာခဲ့သည်။

ကျွန်တော် ညွှန်/မှူး ရုံးခန်းကိုမေးမြန်းရင်း လျှောက်လာခဲ့ရာ ညွှန်/မှူး အမည်နှင့်ရာထူးပါတွဲလျက် စာတန်းချိတ်ထားသောရုံးခန်းကို အဆောက်အအုံအပေါ်ထပ်၌ တွေ့ပါလေပြီ။ ကျွန်တော် ရင်တုန်စွာနဲ့ခဏနားပြီး ကြောက်ကြောက်ရွံ့ရွံ့ဝင်သွားလိုက်သည်။ ညွှန်/မှူးကို မတွေ့ပါ။ ညွှန်/မှူး အခန်းတံခါးပိတ်ထားပါသည်။ စာရေးမများဖြစ်ဟန်တူသူများကို အကျိုးအကြောင်းပြောပြီး မေးကြည့်လိုက်သည်။ သူတို့က "ညွှန်/မှူး ဧည့်သည်အတွေ့မခံဘူးရှင့်၊ အပြင်မှာ စာရေးထားပါတယ်၊ ဖတ်ကြည့်လိုက်ပါ" ဟုပြောကြသည်။ ကျွန်တော် ရုံးခန်းအပြင်သို့ ပြန်ထွက်ပြီး ညွှန်/မှူး ရုံးခန်းအဝင်ဝတွင် ရေးထားသောစာကို ဖတ်ကြည့်လိုက်သည်။

"ဧည့်သည်အတွေ့မခံပါ။ ဌာနဆိုင်ရာကိစ္စရှိလျှင် စာရေးပြီးတင်ထားခဲ့ပါ"

ညွှန်ကြားရေးမှူး၏ကန့်သတ်ချက်ပင်ဖြစ်ပါသည်။ ဤကန့်သတ်ချက်ကို မြင်တွေ့လိုက်ရသည့်အတွက် ကျွန်တော်သည် စိတ်ညစ်မသွားသည့်အပြင် ပျော်ရွှင်သလိုတောင် ဖြစ်သွားရပါသည်။ ကျွန်တော့်မှာ စကားပြောရသည်ထက် စာရေးရသည်ကို ပိုပြီးနှစ်သက်သောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် ပုစွန်ခြောက်ထုပ်လေးကို လက်ဆွဲလျက်ပဲ အိမ်သို့ တက္ကစီငှားပြီး ပြန်လာခဲ့ပေတော့သည်။ အိမ်သို့ရောက်လျှင် ထမင်းစားရမည်ကိုပင် သတိမရနိုင်တော့ဘဲ ညွှန်/မှူးအတွက် စာတစ်စောင်ကို ရင်တွင်းခံစားချက်အပြည့်ဖြင့် ချရေးလိုက်ပါတော့သည်။

ကျွန်တော်သည် ညွှန်/မှူးဆီသို့ပေးစာနှင့်အတူ ရန်ကုန်မြို့နေ ကျွန်တော်တို့ မိသားစု အိမ်ထောင်စုစာရင်းကိုပါ ပူးတွဲတင်ပြထားလိုက်သည်။

● ● ● ● ● ● ●

မိုးတွင်းကျောင်းဖွင့်ရာသီပါပဲ။ ကျွန်တော် အ.မ.က သရက်တောင်(မြောက်)မှာ ကျောင်းတက်နေတုန်း မြို့နယ်ပညာရေးမှူးရုံးက သတင်းစကားတစ်ခုကြားလာခဲ့ရသည်။ မင်္ဂလာစကားပင်ဖြစ်သည်။ ကျွန်တော် မြို့နယ်ပညာရေးမှူးရုံးသို့ ခွင့်တိုင်စာပို့ပေးပြီး ကမ်းထောင်းကြီး-တောင်ကုတ် ပြေးဆွဲနေသော မော်တော်ဘုတ်ဖြင့် လိုက်ပါလာခဲ့သည်။ နှစ်နေ့နှင့်တစ်ညအကြာမှာ တောင်ကုတ်မြို့သို့ ရောက်ရှိလာခဲ့သည်။ ချက်ချင်းပဲ ကြံ့ရာကားဂိတ်မှာ ကားလက်မှတ်ဖြတ်ပြီး ရန်ကုန်သို့ တန်းလိုက်လာခဲ့ပေသည်။ ရခိုင်ရိုးမနှင့် ပဲခူးတိုင်းအနောက်ခြမ်း ပြည်လမ်းတစ်လျှောက် တစ်ညမောင်းပြီး နံနက်လင်းတာနဲ့ ရန်ကုန်မြို့ကို ရောက်ခဲ့ပါလေပြီ။

ကျွန်တော် အိမ်သို့ရောက်ပြီး ရေမိုးချိုးပြီးသည်ဆိုလျှင်ပဲ အမှတ် (၃) အခြေခံပညာဦးစီးဌာနသို့ တက္ကစီဖြင့် သွားခဲ့လိုက်တော့သည်။ ကျွန်တော်ကြားခဲ့ရသောသတင်းစကားအမှန်ပင်ဖြစ်ပါစေဟု စိုးရိမ်စိတ်တစ်ဝက်နဲ့ ဆုတောင်းနေမိသည်။ ရုံးအမိန့်စာကို မမြင်ရမချင်း စိတ်ချ၍ကားမရသေးပေ။ ကျွန်တော်ရင်ထဲထိတ်နေဆဲဖြစ်ပါသည်။ ရုံးရောက်လျှင် ပထမဆုံး ကျွန်တော့်ကို ညွှန်ပြပေးခဲ့သော စာရေးမကြီးရုံးခန်းသို့ တန်းဝင်သွားလိုက်သည်။ စာရေးမကြီးသည် ကျွန်တော့်ကို တွေ့သည်ဆိုလျှင်ပဲ အားရဝမ်းသာပြောတော့သည်။

"ဟာ ဆရာကြီး၊ ဆရာကြီးတို့ အပြောင်းအရွှေ့အော်ဒါထွက်ပြီရှင့်"

"ကျွန်တော်တို့ရုံးကတော့ အကြောင်းကြားပါတယ်။ ကျွန်တော်တို့ မြို့နယ်တရားရုံးသွားတာထက် ဒီလာရတာက ပိုလွယ်တယ်ဆိုပြီး ဒီကိုတန်းလာခဲ့တာပဲ။ ဝမ်းသာတယ်ဗျာ၊ ဆရာမကြီးကိုလည်း ကျေးဇူးတင်ပါတယ်"

"ဆရာကြီးရေ ဆရာကြီးတင်ထားခဲ့တဲ့ စာကို ညွှန်/မှူးက တော်တော်သဘောတွေ့သွားပုံရတယ်။ အစည်းအဝေးမှာတောင် ထည့်ပြောတယ်ရှင့်၊ နောင်ရိုးတိုက်ပွဲမှာ ဖောင်ဖျက်ပြီးတိုက်သလိုဆိုတဲ့ အသုံးအနှုန်းလေး သူတော်တော်သဘောတွေ့သွားတယ်ရှင့်"

"ဆရာကြီးတို့ အော်ဒါထွက်တဲ့နေ့က ရုံးမှာ တော်တော်ပွဲကျသွားကြတယ်"

"ဘာဖြစ်လို့လဲဗျ"

"ဆရာကြီးတို့နှစ်ယောက်ထဲက စာပေထဲက လူသိရှင်သိနှစ်ယောက်ဖြစ်နေကြလို့လေ"

"ဘယ်လိုများလဲဗျာ၊ ကျွန်တော်နားမရှင်းဘူး"

"ဒီလိုရှင့် ဆရာကြီးနာမည်က ဦးဘညွှန့်၊ နောက်တစ်ယောက်က ဦးထွန်းရွှေလေ၊ အဲဒါ အော်ဒါကြည့်ပြီး ချစ်ဒုက္ခဦးဘညွှန့်နှင့် မိုက်ခဲထွန်းရွှေဆိုပြီးပြောရင်းနဲ့ ရယ်ပွဲဖွဲ့ကြတာလေ"

"တော်သေးတာပေါ့ဗျာ၊ ဖော်ကောင်ဘညွှန့်များဖြစ်လိုက်ရင် ကျွန်တော်သွားပြီ"

ကျွန်တော့်စကားကြောင့် စာရေးမကြီးပါ ရယ်ဖြစ်သွားသည်။

အမိန့်စာအရ ကျွန်တော်သည် အ.မ.က (၂၃) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ တာဝန်ကျပြီး ဦးထွန်းရွှေမှာ အ.မ.က (၁၈) ကြည့်မြင်တိုင်မြို့နယ်သို့ တာဝန်ကျသည်။ ဤဆရာသည် အ.မ.က ခမောက်ကြီး ကော့သောင်းမြို့နယ် တနင်္သာရီတိုင်းက ပြောင်းရွှေ့လာသည်ဟု သိရသည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

---

## မိုးနဲမြို့နယ်၌ မိုးစပါးမျိုးသစ် YSR-1 စံကွက်ရိတ်သိမ်း



မိုးနဲ ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နောင်မြိုင်းကျေးရွာအုပ်စု ကွင်းအမှတ် (၅၀) တောင်သူ ဦးစိုင်းဆမ်၏ လယ်မြေ၌စိုက်ပျိုးထားသော မိုးစပါးမျိုးသစ် YSR-1 စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာလ ၄ ရက်တွင် အဆိုပါလယ်မြေ၌ ဆောင်ရွက်ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်း၍ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ စပါးအစို ၁၁၇ ဒသမ ၁၅ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးအထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားကင်းစင်ရေးနှင့် မြေသြဇာစနစ်တကျသုံးစွဲရေး စသည့်တောင်သူနည်းပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

---

## နတ်မောက်မြို့နယ်၌ မြို့နယ်အဆင့် လူရည်ချွန်စာမေးပွဲကျင်းပ

နတ်မောက် ဒီဇင်ဘာ ၄

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ကျောင်းသားလူငယ်များဖြစ်လာစေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်စာမေးပွဲကို ဒီဇင်ဘာလ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ လူရည်ချွန်စာမေးပွဲတွင် Grade-9၊ Grade- 10၊ Grade-11 နှင့် Grade -12 တို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၄ ဦးတို့က မြန်မာစာနှင့် အင်္ဂလိပ်စာဘာသာတို့ကို သတ်မှတ်ဖြေဆိုချိန်အတွင်း ဖြေဆိုကြခြင်းဖြစ်သည်။


ဒီဇင်ဘာလ ၅ ရက်တွင် အထွေထွေဗဟုသုတအား နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဒီဇင်ဘာလ ၆ ရက်တွင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းများကို ဆက်လက်စိစစ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဟန္နိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား (၂၅)နှစ်မြောက် သံတမန်ဆက်ဆံရေးအထိမ်းအမှတ်များ ကျင်းပသွားရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများအပါအဝင် ကဏ္ဍစုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) များရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၄**

ဘေးအန္တရာယ်ပြမြေပုံ (Hazard Map) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ (Risk Map) များရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြေပုံရေးဆွဲနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများတက်ရောက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ဒေါက်တာရင်ရင်နွယ်က ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခုမိုးရာသီကာလအတွင်း တိုင်ဖွန်းရာဂီနှင့် အနောက်တောင်မုတ်သုံလေအားကောင်းခြင်းတို့၏ သက်ရောက်မှုများကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဒေသအချို့၌ ရေကြီးရေလျှံမိုးခြင်း၊ မြေပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများမှ နောင်တွင် လျော့ပါးသက်သာစေရေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ထိရောက်သည့်ကြိုတင်ပြင်ဆင်နိုင်မှုများ ဆောင်ရွက်စေနိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးက ဆုံးဖြတ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်မှုများနှင့်ပတ်သက်၍ Damage Assessment များဆောင်ရွက်ကာ ဒေသအလိုက် ဖြစ်လာနိုင်ခြေရှိသည့် သဘာဝဘေးများကိုဖော်ထုတ်နိုင်ရေးအတွက် Risk Map နှင့် Hazard Map များ ရေးဆွဲပြုစုခြင်းကို ဆောင်ရွက်နိုင်ရန် ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ Hazard Mapping ဆောင်ရွက်နိုင်စေရေး လိုအပ်ချက်များဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း ဌာနအလိုက်ရှိပြီးဖြစ်သည့်အချက်အလက်များကိုအသုံးပြု၍ Hazard Map များ ရေးဆွဲနိုင်ရေး ပံ့ပိုးဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယခင်ကတည်းက ဒေသအလိုက် အချို့သော Hazard Map များရှိပြီးဖြစ်သော်လည်း ယခုရာဂီကဲ့သို့ ထူးခြားဖြစ်စဉ်မျိုးကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်လာကြောင်း၊ AI , GIS နှင့် Remote Sensing ကဲ့သို့ ခေတ်မီနည်းပညာများ အသုံးပြုပြီး Hazard Map နှင့် Risk Map များ ဘေးဖြစ်နိုင်ခြေအလိုက်ဆောင်ရွက်ကြရန်ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာရှုထောင့်အလိုက် အကြံပြုဆွေးနွေးအဖြေရှာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်က Hazard Mapping ဆောင်ရွက်နိုင်ရန် GIS ကျွမ်းကျင်သူ၊ လုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သူများ လိုအပ်မည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာ Mapping ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်မည့် Data များလည်း ကွာခြားမည်ဖြစ်ကြောင်း၊ Table များဖြင့်ပြုစုထားသည့် Data များအပြင် Presentation ပြုလုပ်နိုင်မည့် Data များအဖြစ် Geospatial Data များလည်း လိုအပ်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် Map နှင့် Data များ ပေါင်းစပ်ဖော်ပြနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း၊ လိုအပ်သည့် နည်းပညာဆိုင်ရာအကူအညီများ ရရှိနိုင်ရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်အကြံပြုဆွေးနွေးသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာသူများက ဘာသာရပ်အလိုက်၊ လုပ်ငန်းအလိုက် Risk Map နှင့် Hazard Map ရေးဆွဲရာတွင် ဌာနများအလိုက် ရှိပြီးဖြစ်သည့် အချက်အလက်များ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်မှုများ၊ ရရှိနိုင်မည့်အရင်းအမြစ်များနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်စွက်ဆွေးနွေးအကြံပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

⇨ ကျောဖုံးမှအဆက်

နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၂ပွဲ ၁ပွဲဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို ၂ပွဲ ၁ပွဲ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး နှစ်ယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကိုနှစ်ပွဲပြတ်၊မကွေးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ပွဲ ၁ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ** ကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ရမှတ်(၈၃-၃၀)မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၉-၃၂) မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆-၆၆) မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကိုရမှတ် (၇၀-၃၄) မှတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကိုရမှတ် (၇၅-၂၆) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၄ ဂိုး ၂ ဂိုး၊ မကွေးတိုင်းဒေသကြီးအသင်းက

စာမျက်နှာ ၇ သို့ ⇨



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။




ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို အားကစားဝါသနာရှင်များ စိတ်ပါဝင်စားစွာကြည့်ရှုအားပေးစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့်ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသမီးဘော်လီဘော ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

⇨ **စာမျက်နှာ ၆ မှအဆက်**

မွန်ပြည်နယ်အသင်းကို ၂ ဂိုး ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၁ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၆ ဂိုး ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၁၀ ဂိုး ၁ ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ **အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ဂိုး ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက်ဘော်လီဘောပြိုင်ပွဲများ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲ ၂ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့က ဂိုးမရှိသရေဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို** ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက် ၂ ဂိုးစီဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများစိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အမျိုးသားအားကစားပွဲတော်ကို ရန်ကုန်မြို့၌ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်ကျင်းပခဲ့ပြီး နေပြည်တော်၌ ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ်ကျင်းပခဲ့ကာ ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးကို ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပြီး အားကစားသမား ၉၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါ်တန်းကူးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌လည်းကောင်း၊ မသန်စွမ်းမျက်မြင်စစ်တုရင်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို လယ်ဝေးအားကစားကွင်း၌လည်းကောင်း၊ မသန်စွမ်းထိုင်လျက် ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲနှင့် မသန်စွမ်းပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို လယ်ဝေး TC-2 အားကစားကွင်း၌လည်းကောင်း ဒီဇင်ဘာလ ၅ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘော ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ပန်ကရိယရောင်ရောဂါကြောင့် ပန်ကရိယသွေးချိုရောဂါဖြစ်ပွားခြင်းအကြောင်း သိကောင်းစရာ

**"ပန်ကရိယရောင်ပြီးနောက် ပန်ကရိယသွေးချိုဖြစ်နိုင်သည့်အန္တရာယ်ရှိသောအချက်များတွင် ပန်ကရိယရောင်ရောဂါပြင်းထန်မှု၊ ပန်ကရိယဆဲလ်များပျက်စီးသွားခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အဝလွန်ခြင်း၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ အသည်းရောဂါနှင့်မျိုးရိုးစဉ်ဆက်သွေးတွင်း ထရိုင်ဂလစ်စရိုက်အဆီများခြင်းတို့ပါဝင်သည်။ ပြင်းထန်သောပန်ကရိယရောင်ရောဂါကို မကြာခဏခံစားရလျှင် ပန်ကရိယဆဲလ်များပျက်စီးဆုံးရှုံးမှုဖြစ်ခြင်းကြောင့် ပန်ကရိယဟော်မုန်းများ ကမောက်ကမဖြစ်ပြီး အကြိုဆီးချိုနှင့်ပန်ကရိယသွေးချိုရောဂါဖြစ်နိုင်သည့်အလားအလာပိုများသည်ကို တွေ့ရှိခဲ့သည်. . ."**

နာတာရှည် ပန်ကရိယရောင်ခြင်းသည် ပန်ကရိယသွေးချိုရောဂါကို ဖြစ်စေကြောင်း မကြာခဏ တွေ့ရှိရသည်။ အထူးသဖြင့် နာတာရှည် ပန်ကရိယရောင်ပြီးနောက် ပန်ကရိယကျောက်တည်ရောဂါဖြစ်ပွားသော လူနာများ၏ ၉၀ ရာခိုင်နှုန်းခန့်တွင် သွေးချိုဆီးချိုရောဂါဖြစ်လာနိုင်သည်။ ပန်ကရိယရောင်ရောဂါ မကြာခဏဖြစ်သူများနှင့် ပြင်းထန် ပန်ကရိယရောင်လူနာများတွင်လည်း နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် အကြိုဆီးချိုနှင့် ပန်ကရိယသွေးချိုရောဂါဖြစ်ပွားလာနိုင်ကြောင်း တွေ့ရှိရသည်။ လေ့လာတွေ့ရှိချက်များအရ ပန်ကရိယအနည်းငယ်ရောင်ရမ်းခြင်းတစ်ကြိမ်ဖြစ်ဖူးလျှင်ပင် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေနှစ်ဆပိုများသည်။ ပန်ကရိယရောင်ရောဂါသုတေသနများကို လေ့လာသုံးသပ်ချက်အရ ငါးနှစ်အတွင်း လူနာများ၏ ၁၈-၂၀ ရာခိုင်နှုန်းခန့်သည် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေရှိပြီး နောက်ပိုင်းတွင် ၃၇-၄၀ ရာခိုင်နှုန်း အထိတိုးလာကြောင်း တွေ့ရှိခဲ့သည်။ အကြိုဆီးချိုနှင့် သွေးချိုဆီးချိုရောဂါ ပေါင်းစပ်ဖြစ်ပွားမှုသည် တစ်ကြိမ်ဖြစ်ပြီးနောက် ပထမနှစ်တွင် ၃၅ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိခဲ့ပြီး ငါးနှစ်နောက်ပိုင်းတွင် ၅၉ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။

လက်ရှိအချိန်တွင် ပန်ကရိယရောင်လူနာများ၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သော ပန်ကရိယသွေးချိုရောဂါဖြစ်နိုင်မှုကို စုံစမ်းစစ်ဆေးမှုများနည်းပါးနေသေးပါသည်။ ပန်ကရိယသွေးချိုရောဂါသည် လူသိများသော ရောဂါမဟုတ်သောကြောင့် ၎င်းကိုအမျိုးအစား-၂ သွေးချိုဆီးချိုရောဂါအဖြစ်လွဲမှားစွာယူဆတတ်သဖြင့် ရောဂါကို အတည်ပြုရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လိုအပ်ချက်များမရှိစေရေး သတိပြုရန်လိုအပ်သည်။ ပန်ကရိယရောဂါများကြောင့်ဖြစ်သော သွေးချိုဆီးချိုရောဂါကို အမေရိကန်သွေးချိုဆီးချိုရောဂါအသင်း(ADA) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့က အမျိုးအစား-၃(ဂ) သွေးချိုဆီးချိုရောဂါ (Type 3c Diabetes Mellitus) သို့မဟုတ် ပန်ကရိယသွေးချိုရောဂါအဖြစ် သတ်မှတ်ထားပါသည်။

ပန်ကရိယသွေးချိုရောဂါကို အနောက်နိုင်ငံသားများတွင် သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုအားလုံး၏ ၅-၁၀ ရာခိုင်နှုန်းတွင်တွေ့ကြောင်း သိရသည်။ ပန်ကရိယရောင်ရောဂါကြောင့်ဖြစ်သော သွေးချိုဆီးချိုရောဂါသည်များကို ကိုးနှစ်တာလေ့လာခဲ့ရာ နှလုံးသွေးကြောနှင့် ဦးနှောက်သွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေပိုများကြောင်း တွေ့ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်က နယူးဇီလန်ရှိ လူဦးရေအခြေပြု ကင်ဆာရောဂါဆိုင်ရာသေဆုံးမှုများကို လေ့လာမှုတစ်ခုတွင် ပန်ကရိယသွေးချိုလူနာများတွင် အမျိုးအစား-၂ သွေးချိုဆီးချိုနှင့်နှိုင်းယှဉ်ပါက ပန်ကရိယကင်ဆာ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါနှင့် ကူးစက်ရောဂါများကြောင့်သေဆုံးမှုပိုများကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် ပန်ကရိယသွေးချိုသည် အမျိုးအစား-၂ သွေးချိုဆီးချိုထက် သေဆုံးနိုင်ခြေပိုများသဖြင့် စောစီးစွာရောဂါရှာဖွေခြင်းနှင့် ထိရောက်သောကုသမှုရရှိစေရန် လိုအပ်ပါသည်။

ပန်ကရိယရောင်ပြီးနောက် ပန်ကရိယသွေးချိုဖြစ်နိုင်သည့်အန္တရာယ်ရှိသောအချက်များတွင် ပန်ကရိယရောင်ရောဂါပြင်းထန်မှု၊ ပန်ကရိယဆဲလ်များပျက်စီးသွားခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ အဝလွန်ခြင်း၊ နာတာရှည်ကျောက်ကပ်ရောဂါ၊ အသည်းရောဂါနှင့် မျိုးရိုးစဉ်ဆက်သွေးတွင်းထရိုင်ဂလစ်စရိုက်အဆီများခြင်းတို့ ပါဝင်သည်။ ပြင်းထန်သောပန်ကရိယရောင်ရောဂါကို မကြာခဏခံစားရလျှင် ပန်ကရိယဆဲလ်များပျက်စီးဆုံးရှုံးမှုဖြစ်ခြင်းကြောင့် ပန်ကရိယဟော်မုန်းများ ကမောက်ကမဖြစ်ပြီး အကြိုဆီးချိုနှင့်ပန်ကရိယသွေးချိုရောဂါဖြစ်နိုင်သည့်အလားအလာပိုများသည်ကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် ပန်ကရိယရောင်ရောဂါ၏ နောက်ဆက်တွဲသွေးချိုရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ်ရှိသောအချက်များကို ကြိုတင်သတိပေးခြင်းနှင့်နှစ်စဉ်စစ်ဆေးခြင်းဖြင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုကို စောစီးစွာတွေ့ရှိနိုင်ပြီး ထိရောက်သောကုသမှုများစတင်နိုင်သည်။

**ပန်ကရိယသွေးချိုရောဂါလက္ခဏာများ**

သွေးတွင်းဂလူးကို့စ်များခြင်းကြောင့်ဖြစ်သောရောဂါလက္ခဏာများသည် တခြားသောသွေးချိုဆီးချိုရောဂါများနှင့်အတူတူပင်ဖြစ်ပါသည်။ ထို့ပြင် ပန်ကရိယအစာခြေရည်မလုံလောက်ခြင်း၏ လက္ခဏာများဖြစ်သော ဝမ်းဗိုက်နာခြင်း၊ လေပွခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ အဆီများ၍အနံ့ဆိုးသော အဖြူရောင်ဖျော့ဖျော့ဝမ်းများသွားခြင်း၊ ကိုယ်အလေးချိန်ကျခြင်းတို့ဖြစ်နိုင်သည်။ အဆီတွင်ပျော်ဝင်နိုင်သော ဗီတာမင်များ (A၊ D၊ E၊ K) ချို့တဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် သွေးတွင်းဂလူးကို့စ်ကျဆင်းခြင်းတို့ကို ခံစားရနိုင်ပါသည်။ ပန်ကရိယသွေးချိုရောဂါ၏နောက်ဆက်တွဲပြဿနာများတွင် မျက်စိထိခိုက်ခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်း၊ အာရုံကြောများထိခိုက်ပျက်စီးခြင်းတို့ဖြစ်လာနိုင်ပြီး သေဆုံးနိုင်ခြေများခြင်း၊ ငယ်ရွယ်စဉ်သေဆုံးခြင်းတို့နှင့်ဆက်စပ်နေသည်။ နာတာရှည်ပန်ကရိယရောင်ခြင်းကြောင့်ဖြစ်သော ပန်ကရိယသွေးချိုလူနာအများစုသည် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေရှိသည်။

**ပန်ကရိယရောင်ရောဂါဖြစ်ဖူးသူများတွင်<br>ပန်ကရိယသွေးချိုရောဂါရှာဖွေခြင်း**

၂၀၁၂ ခုနှစ်တွင် Ewald နှင့် Bretzel သည် ပန်ကရိယသွေးချိုရောဂါသတ်မှတ်ချက်အတွက် ရောဂါရှာဖွေရေးစံနှုန်းများကိုအဆိုပြုခဲ့သည်။ ကနဦးသွေးချိုဆီးချိုရောဂါရှာဖွေခြင်းတွင် အမေရိကန်သွေးချိုဆီးချိုရောဂါအသင်း၏ သတ်မှတ်ချက်အတိုင်း HbA1c (သုံးလအတွင်း ပျမ်းမျှသွေးတွင်းဂလူးကို့စ်) နှင့် ည ၁၀ နာရီမှ နံနက် ၈ နာရီအထိ အစာရှောင်သော သွေးတွင်းဂလူးကို့စ်တိုင်းတာခြင်းကို နှစ်စဉ်ပြုလုပ်သင့်ပါသည်။ လိုအပ်လျှင် ဂလူးကို့စ် ၇၅ ဂရမ်သောက်ပြီး (75 gm OGTT) စစ်ဆေးသင့်သည်။ ပန်ကရိယသွေးချိုကို တခြားသွေးချိုဆီးချိုအမျိုးအစားများနှင့်ခွဲခြားရန် အင်ဆူလင်နှင့် သို့မဟုတ် C-peptide ပမာဏ၊ Islet cell antibodies ကိုစစ်ဆေးရန် လိုအပ်သည်။ ပန်ကရိယပျက်စီးမှုအခြေအနေနှင့် နောက်ဆက်တွဲပန်ကရိယကင်ဆာကို ပုံရိပ်ဖော်စစ်ဆေးမှုနည်းလမ်းများ(CT, MRI, PET) ဖြင့်တွေ့ရှိနိုင်သည်။

**ပန်ကရိယသွေးချိုရောဂါကုသခြင်း**

ပန်ကရိယသွေးချိုရောဂါသည် တခြားသွေးချိုဆီးချိုရောဂါအမျိုးအစားနှင့်မတူဘဲ သွေးတွင်းဂလူးကို့စ်အတက်အကျကမောက်ကမဖြစ်နိုင်သောကြောင့် သွေးတွင်းဂလူးကို့စ်ကို မကြာခဏစစ်ဆေးရန် လိုအပ်သည်။ သွေးတွင်းသကြားဓာတ်ပမာဏကို ပုံမှန်ထိန်းထားရန် သွေးချိုကျဆေးနှင့် အင်ဆူလင်ကုထုံးများလိုအပ်သည်။ Metformin ဆေးသည် ပန်ကရိယကင်ဆာဖြစ်နိုင်ခြေနှင့်ကင်ဆာကြောင့် သေဆုံးနိုင်ခြေကိုလျှော့ချပေးနိုင်သည်။ ပန်ကရိယရောင်ရောဂါကြောင့်ဖြစ်သော ပန်ကရိယသွေးချိုရောဂါသည် အမျိုးအစား-၂ သွေးချိုဆီးချိုရောဂါနှင့် အလွန်ဆင်တူပြီး အစာကြေရန်လိုအပ်သော ပန်ကရိယအင်ဇိုင်းများ၊ သွေးတွင်းသကြားဓာတ်ပမာဏကို ပုံမှန်ထိန်းထားရန်လိုအပ်သော အင်ဆူလင်နှင့် ဂလူးကာဂွန်ဟော်မုန်းများ ချို့တဲ့နေသောကြောင့် မကြာခဏသွေးတွင်းဂလူးကို့စ်နည်းခြင်းကို တွေ့ကြုံရတတ်ပြီး အင်ဆူလင်လိုအပ်ချက်သည် အမျိုးအစား-၂ သွေးချိုဆီးချိုထက်ပို၍ လိုအပ်နိုင်ကြောင်းတွေ့ရသည်။

**ကာကွယ်ရန်နည်းလမ်းများ**

နာတာရှည်ပန်ကရိယရောင်ခြင်းကိုကာကွယ်ရန် အရက်သောက်သုံးမှုကိုထိန်းညှိခြင်း၊ သွေးတွင်းအဆီများကို ပုံမှန်ဖြစ်ရန်ထိန်းချုပ်ခြင်းနှင့် အဝလွန်ခြင်းကိုတားဆီးခြင်း စသည့်အန္တရာယ်ရှိသောလူနေမှုပုံစံများကို ရှောင်ရှားရန်လိုအပ်ပါသည်။

ပန်ကရိယရောင်ရောဂါ၏ နောက်ဆက်တွဲပန်ကရိယသွေးချိုဖြစ်ပွားမှုကိုကြိုတင်ကာကွယ်ရန် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို မျှတစွာစားသောက်ရန်၊ ကာဗိုဟိုက်ဒရိတ်ကို ပုံမှန်စားရန်၊ သကြားဓာတ်မြင့်မားသောအစားအစာများနှင့် ပြည့်ဝဆီများကို လျှော့ချစားသောက်ရန်၊ ပရိုတင်းကြွယ်ဝသောအစာများစားရန်၊လိုအပ်ပါက ပန်ကရိယအင်ဇိုင်းအစားထိုးကုသရန်၊ အဆီတွင်ပျော်ဝင်နိုင်သော ဗီတာမင်များဖြင့်ကုသရန်၊ ဆေးလိပ်နှင့်အရက်သောက်ခြင်းကို ရှောင်ရန်၊ ကိုယ်လက်လှုပ်ရှားမှုပုံမှန်ပြုလုပ်ရန် လိုအပ်သည်။

ထို့ပြင် ပန်ကရိယသွေးချိုရောဂါကို စောစီးစွာတွေ့ရှိရန် ပန်ကရိယရောင်ရောဂါဖြစ်သူများကို နှစ်စဉ်ပုံမှန်စစ်ဆေးခြင်းနှင့် အချိန်မီကုသခြင်းတို့လိုအပ်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာသိင်္ဂီကျော်

# ဟိုပုံးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ဟိုပုံး ဒီဇင်ဘာ ၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဟိုပုံးမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာလ ၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်က ရှမ်းပြည်နယ်အစိုးရခွင့်ပြုငွေဖြင့် အသက်မွေးဝမ်းကျောင်းကာလတိုသင်တန်းများဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်း၊ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း နည်းပညာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတွင် ဘက်စုံသုံး၊ လက်ဆေး၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ အဝတ်လျှော်အမွှေးရည်၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ Body Scrub ထုတ်လုပ်မှုနည်းပညာများကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးထွေးက သင်တန်းသူများကို သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာလ ၃ ရက်မှ ၇ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ချမ်းမြေ့

# ဗလငါးတန်နှင့်ပြည့်စုံသော တိုင်းရင်းသား ကျောင်းသားလူငယ်များဖြစ်စေရေး အသိပညာပေးဟောပြော



ပဲခူး ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ထုံးကြီးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အမေ့အိမ်ခန်းမ၌ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ထုံးကြီးမှ တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံသောကျောင်းသားလူငယ်များဖြစ်စေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၄ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ထုံးကြီးစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေနှင့်လူငယ်ရေးရာကဏ္ဍအကြောင်းများအား အသိပညာပေးဟောပြောသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အသိပညာပေးဟောပြောပေးသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ရွှေဝါက ထုံးကြီးစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းစာကြည့်တိုက်အတွက် တာဝန်ခံကျောင်းအုပ်ဆရာကြီးထံ အလှူငွေပေးအပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

## ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျိုက်မရော ဒီဇင်ဘာ ၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် သိမ်ဖြူကုန်းကျေးရွာ၌ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန် ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များစာအုပ်စာပေများကို အလွယ်တကူလေ့လာဖတ်ရှုနိုင်စေရန်၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိနိုင်စေရန်ရည်ရွယ်၍ ပညာဗိမာန်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဒီဇင်ဘာလ ၃ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးနှင့်သိမ်ဖြူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်ပြုပြင်မွမ်းမံရန်နှင့်ပရိဘောဂအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့်သုတ၊ ရသစာအုပ်များ ဖြည့်ဆည်းပေးခြင်းတို့အတွက် နိုင်ငံတော်မှငွေကျပ်သိန်း ၅၀၊ ကျေးရွာပြည်သူများက ငွေကျပ် ၁၇ သိန်းဖြင့်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် ယခုဖွင့်လှစ်ပေးသော စာကြည့်တိုက်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စာအုပ်စာစောင်များကို စေတနာရှင်အလှူရှင်များက လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစိုးခိုင်က လက်ခံရယူကြောင်း သိရသည်။ **(၄၀၆)**

## ဝမ်းတွင်းမြို့နယ် ပျားဆွဲ(န)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကွင်းဆင်းစစ်ဆေး



ဝမ်းတွင်း ဒီဇင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၉၉ သန်းဖြင့် Myanmar New Power ကုမ္ပဏီမှ ပျားဆွဲ(န)ကျေးရွာကုန်ထုတ်လမ်းနှင့် Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ပျားဆွဲ(န)ကျေးရွာ ကုန်ထုတ်လမ်း အရှည် ၁ မိုင် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသား ၂ ပေ၊ ဂျင်းမြေ ၉ လက်မ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့်အလျား ၃ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၃ ပေ Slab Culvert တံတားနှစ်စင်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၁ ဒသမ ၉၉ သန်းဖြင့် ကုန်ထုတ်လမ်း ၁ မိုင် ၅ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်းအား ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ပျားဆွဲ(န) ကျေးရွာမှ တောင်သူများလယ်ယာထွက်ကုန်များကို ဈေးကွက်သို့ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

## မောင့်စာချွန်

✉ အားငယ်ရာ ဖယ်လှမ်းလို့
ရှေ့တန်းရဲ့စစ်မြေမှာ။
ဖြုတ်မှက်ခြင် အသွေးစုပ်လည်း
တို့မလှုပ်ပါ။
ကျူးကျော်တဲ့ ရန်တကာ
တိုက်ပွဲတစ်ရာ အနိုင်ဆင့်။
ဘယ်နိုင်ငံ ဘယ်ရန်ပြုလည်း
မမှုအသင့်။

✉ အားငယ်ရာ ဖယ်စမ်းခဲ့
ရှေ့တန်းက တို့စစ်သည်။
သွေးခွဲလာ အဖျက်လောက်ကို
ကြောက်ဖို့ မရည်။
အချုပ်အခြာနဲ့ အာဏာတည်
ကမ္ဘာသိအမည်(မြန်မာ့)သူရဲကောင်း။
ပြည်သူ့တွက်ဆို အရိုးကြေအရည်ခန်း
ကြိုးပမ်းပါကြောင်း။

✉ အားမငယ် အသိစေမှ
အမိမြေရဲ့ သစ္စာခံ။
မပွန်းမပဲ့ပါ မြေတစ်လက်မကို
မဖျက်စေရန်။
လေးရပ်ဝန်း ပတ်လည်ရံ
တံတိုင်းခံကာ အခြေပြု။
မြန်မာ့ရာဇဝင်အစဉ်မရိုင်းတဲ့
သမိုင်းရှေးရှု။

✉ အားငယ်ရာ ဖယ်စမ်းခဲ့
ရှေ့တန်းက မောင်ပြန်လျှင်။
ပန်းသပြေနံ့သာလူးလို့
ခူးကြိုတော့ခင်။
စစ်သားမှာလည်း ချစ်တတ်ရင်
အိမ်သူခင် လွမ်းပါသေး။
ဤမြေသစ္စာ
မလစ်ပါ ပခုံးထမ်းလျက်
မမုန်းတမ်း သည်တာဝန်မို့
စာချွန်ကို မေ့ထံအား
ပါးလိုက်တယ်လေး။ ။

**မိုးမြင့်မေ (သ.က.ဟ.အ)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၁၂-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ရွှေတိဂုံစေတီတော်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဘုရားဖူးဧည့်သည် ခြောက်သိန်းကျော်လာရောက်ဖူးမြော်



ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဘုရားဖူးဧည့်သည် ခြောက်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဧည့်သည် ဝင်ရောက်မှုအနေဖြင့် သံဃာတော်အပါး ၈၉၄၀၊ သာသနာ့နွယ်ဝင် သီလရှင် ၅၃၆၁ ပါး၊ အမျိုးသား ၂၇၉၈၅၅ ဦး၊ အမျိုးသမီး ၃၄၁၃၃၈ ဦး၊ နိုင်ငံခြားသား ၃၀၀၁ ဦး၊ နိုင်ငံခြားသူ ၄၀၄၉ ဦး စုစုပေါင်း ၆၄၂၅၄၄ ဦးဖြစ်ကြောင်း သိရသည်။

မိုးတွင်းကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဧည့်သည်ဝင်ရောက်မှု အနည်းငယ်လျော့နည်းသော်လည်း မိုးနှောင်းပိုင်းမှစ၍ ဘုရားဖူးဧည့်သည်ဝင်ရောက်မှုမှာ တဖြည်းဖြည်းပိုများလာကြောင်း၊ ပုံမှန်အားဖြင့် တစ်ရက်လျှင် ဘုရားဖူးဧည့်သည် တစ်သောင်းဝန်းကျင်ရှိပြီး ရုံးပိတ်ရက်ဖြစ်သည့် စနေ၊ တနင်္ဂနွေနှင့် နေ့ကြီးရက်ကြီးများတွင် ဘုရားဖူးဧည့်သည် တစ်သိန်းကျော်အထိရှိကြောင်း နှင့် နိုဝင်ဘာလအတွင်း တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည့် နိုဝင်ဘာလ ၁၅ ရက်တွင် ရဟန်းသံဃာအပါအဝင် ဘုရားဖူးဧည့်သည် ၇၆၂၆၂ ဦး၊ နိုဝင်ဘာလ ၂၄ ရက် တနင်္ဂနွေနေ့တွင် ဘုရားဖူးဧည့်သည် ၄၁၂၀၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးဧည့်သည်များ အဆင်ပြေစေရန် ၂၀၂၂ ခုနှစ် မတ်လ ၂၆ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၈ နာရီအထိ အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ဘုရားဖူးဧည့်သည်များ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီမှ ည ၉ နာရီအထိ လည်းကောင်း၊ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစ၍ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ လည်းကောင်း အချိန်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ကွန်ဟိန်းမြို့နယ်၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းလမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



ကွန်ဟိန်း ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ဟိန်းမြို့နယ် ပန်မှုံကျေးရွာ၌ ကျေးရွာတွင်း လမ်း/တံတားလုပ်ငန်းများဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ပန်မှုံကျေးရွာ၌ အရှည်ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းမြေသားလမ်း သဲဖြူန်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ယင်းလမ်းပေါ်ရှိ အရှည် ၅ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ၄ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း/တံတားလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၀ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**

# ညောင်ဦးမြို့နယ်၌ တောင်ယာလုပ်ငန်းအပြင် ပျားအုံရှာဖွေ၍ ပျားရည်ထုတ်ယူရောင်းချခြင်းများလုပ်ကိုင်လာကြ

ညောင်ဦး ဒီဇင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဒေသခံတောင်သူများအနေဖြင့် တောင်ယာလုပ်ငန်းအပြင် ပျားအုံရှာဖွေ၍ ပျားရည်ထုတ်ယူရောင်းချခြင်းများ လုပ်ကိုင်လာကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် တောင်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး တခြားအချိန်များတွင် ဒေသခံတောင်သူတချို့က တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် ပျားအုံများကို ရှာဖွေကာ ပျားရည်ထုတ်ယူရောင်းချခြင်းများကို လုပ်ကိုင်ကြရာ ပျားရည်ဈေးရရှိ၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"အညာဒေသမှာက မိုးကောင်းသောက်စနစ်နဲ့ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါတယ်။ တောင်ယာလုပ်ငန်းခွင် အားလပ်ရက်တွေမှာ တချို့ကျေးရွာတွေက တောင်သူတွေအနေနဲ့ ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားအုံတွေကိုရှာဖွေပြီး ပျားရည်ထုတ်ယူရောင်းချတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ပျားအုံကလည်း မိုးတွင်းကာလဆိုရင် ပျားရည်အထွက်နှုန်း လျော့နည်းပြီး ဆောင်းရာသီကာလမှာ ရရှိတဲ့ ပျားအုံတွေကပဲ ပျားရည်အထွက်နှုန်း ကောင်းပါတယ်။ ပျားရည်အရသာလည်းကောင်းမွန်ပြီး ဆေးဖက်ဝင်ပျားရည်စစ်စစ်ကိုရရှိပါတယ်။ တစ်ရက်ကို အနည်းဆုံး ပျားရည် လေးပုလင်းကနေ ခြောက်ပုလင်းအထိ ရှာဖွေရရှိပါတယ်။ ပျားရည်ဈေးကောင်းရရှိတဲ့အတွက် ပျားအုံရှာဖွေကြသူတွေအဆင်ပြေနေကြပါတယ်" ဟု ညောင်ဦးမြို့နယ် ဖြူကြီးကျေးရွာမှ တစ်နိုင်တစ်ပိုင် ပျားအုံရှာဖွေရောင်းချသူ ဦးကျော်ဆင့်ကပြောသည်။

ညောင်ဦးမြို့နယ်ရှိ မြို့နယ်များ၌ ပျားအုံရှာဖွေသူများသည် ပျားနဒ္ဓောင်း၊ ပျားကြီးအုံ၊ ပစ်သုန်းပျား ၊ ပရင်း(ယင်း) ပျားအုံများကို ရှာဖွေရောင်းချကြပြီး ပျားအုံရှာဖွေခြင်းလုပ်ငန်းကို ဆောင်းရာသီကာလ တန်ဆောင်မုန်းလတွင် စတင်လုပ်ကိုင်ကြကြောင်း၊ ယခုနှစ်တွင် ပျားရည်ဈေးကောင်းမွန်ကာ ပျားအုံရှာဖွေရောင်းချသူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပွင့်ဖြူမြို့နယ်၌ မသန်စွမ်းသူများအကြောင်းသိကောင်းစရာအသိပညာပေးဆွေးနွေး

ပွင့်ဖြူ ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများအသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ မသန်စွမ်းသူများအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာအောင်က ပြည်သူများအသိပညာဗဟုသုတ မြင့်မားစေရေးအတွက် အွန်လိုင်းစနစ်ဖြင့် အသိပညာပေးဆွေးနွေးပွဲများ ကျင်းပနေမှုများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲတွင် ဦးဆောင်ပါဝင်ဆွေးနွေးသူ ပွင့်ဖြူမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက မသန်စွမ်းသူ၏အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ မသန်စွမ်းသူများအတွက် ရေရှည်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ မသန်စွမ်းသူများပညာသင်ယူခွင့်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးမှုများ၊ မသန်စွမ်းသူများ၏အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေများ၊ မသန်စွမ်းသူများဘဝရပ်တည်ရေးအတွက် အဓိကအရေးကြီးသည့် စိတ်ဓာတ်ခွန်အားများကို ပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားများကို အသိပညာပေးဆွေးနွေးပြောကြားသည်။

ပွင့်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များကိုဖိတ်ခေါ်၍ လစဉ်အွန်လိုင်းစနစ်ဖြင့် အသိပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိမှုအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးတိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

---

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးကဏ္ဍအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်အသီးသီးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

---

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော် လောကနတ်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အော်သိုဒေါ့ဘုရားကျောင်း တည်ဆောက်ရေးဆိုင်ရာ နှစ်နိုင်ငံအကြား သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား လေကြောင်းခရီးစဉ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ကမ်းလှမ်းလာမှုအပေါ် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရိုးရာယဉ်ကျေးမှုများ အပြန်အလှန် လေ့လာဖလှယ်နိုင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးအေးထွန်းနှင့် ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

---

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ (မိုး/ဇလ)

---

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ သက်တမ်းရင့်ရေနံမြေများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ ရေနံအထွက်တိုးရေးလုပ်ငန်းများအား ရုရှားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်ကိစ္စ၊ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံ၏အချက်အချာကျမှုကို အသုံးချ၍ LNG တင်သွင်းဖြန့်ဖြူးနိုင်မည့် အလားအလာနှင့် လက်ရှိတည်ဆောက်ပြီး ပိုက်လိုင်းကွန်ရက်အားအသုံးပြု၍ LNG ကုန်သွယ်ရေးဆောင်ရွက်နိုင်မည့်ကိစ္စ၊ ရေနံစိမ်းနှင့်ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းကိစ္စ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံများနှင့် ဓာတ်မြေဩဇာစက်ရုံများ အသစ်တည်ဆောက်ခြင်းနှင့် လက်ရှိစက်ရုံများအား အဆင့်မြှင့်တင်မွမ်းမံခြင်းလုပ်ငန်းများတွင် ရုရှားကုမ္ပဏီများလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စ၊ နှစ်နိုင်ငံ စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား ထိရောက်စွာဆောင်ရွက်ရေးကိစ္စနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်

ကိုညာထက်လေး(စေရာမြေ)

၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံတွင်ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် UNESCO (United Nations Educational, Scientific and Cultural Organization) ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာညီလာခံ (Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage) ၌ မြန်မာ့ရိုးရာနှစ်သစ်ကူး



အတာသင်္ကြန်ပွဲတော်အား မြန်မာတို့၏ ကိုယ်ပိုင် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် မဲခွဲအတည်ပြု ဆုံးဖြတ်ကြရန် စီစဉ်ထားကြောင်းကြားသိရပါသည်။ အတာသင်္ကြန်ပွဲတော်ဟူသည် ရှေးနှစ်ထောင်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် နှစ်စဉ်မပျက်မကွက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုပင်ဖြစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း မြန်မာတစ်မျိုးသားလုံး အပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၊ လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည့် ကမ္ဘာသိရိုးရာပွဲတော်တစ်ခုဖြစ်ပါသည်။

အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းတွင် အဆိုတင်သွင်းဖြစ်ခဲ့သည့် အကြောင်းရင်းခံမှာ ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ နှစ်သစ်ကူး ဆုန်ခရမ်ပွဲတော်ကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်အသိအမှတ်ပြုခဲ့ရာမှ အစပြုခဲ့ပါသည်။ ထိုသို့ အသိအမှတ်ပြုခံခဲ့ရပြီးနောက် ၂၀၂၄ ခုနှစ် ဆုန်ခရမ်ပွဲတော်ကို ကျင်းပခဲ့ရာတွင် ထိုင်းနိုင်ငံ အမျိုးသားယဉ်ကျေးမှုတိုးတက်မြှင့်တင်ရေး မဟာဗျူဟာကော်မတီ (National Soft Power Strategy Committee /NSPSC)မှ ကြီးမှူး၍ ဘတ်ဂျက် ထိုင်းဘတ်ငွေ ၅ ဒသမ ၁ ဘီလီယံကျော် အသုံးပြု၍ ကျင်းပရန်စီစဉ်ခဲ့ပါသည်။ တစ်နိုင်ငံလုံးတွင် ခရိုင်အလိုက် ရိုးရာယဉ်ကျေးမှုများကို ထုတ်ဖော်၍ ရေကစားပွဲတော် အခမ်းအနားပေါင်း တစ်သောင်းကျော် ကျင်းပရန် စီမံဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ကျေးရွာအလိုက်ဒေသခံများကို ပွဲတော်များဦးစီးကျင်းပနိုင်ရေး သင်တန်းများပေး၍ ဆုန်ခရမ်ပွဲတော်ကို ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စရာ ကမ္ဘာသိပွဲတော်တစ်ခုဖြစ်လာအောင် စီမံဆောင်ရွက်ခဲ့ကြပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာပြည်သူလူထုအကြားတွင် "တို့မြန်မာသင်္ကြန်ပွဲကို အစိုးရကရောယူနက်စကိုမတင်ဘူးလား"၊ "သင်္ကြန်ဆိုတာတို့နိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်လေ" စသဖြင့် ဝေဖန်မှုများစွာ ပေါ်ပေါက်လာခဲ့ပါသည်။ ပြည်သူပြည်သားအများစု စိုးရိမ်ပူပန်ကြခြင်း၊ ဝေဖန်ကြခြင်းသည် မိမိယဉ်ကျေးမှုကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုသည့် ပြင်းပြသော အမျိုးသားရေးစိတ်ဓာတ်ကို ညွှန်ပြနေသဖြင့် ကောင်းသည့်လက္ခဏာတစ်ရပ်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိပါသည်။ သို့သော် ထိုဖြစ်စဉ်တွင် ပြည်သူလူထုအတွင်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ (Intangible Cultural Heritage – ICH) နှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ပြန့်ပွားမှုအားနည်းနေသည့် အချက်ကို စိုးရိမ်ဖွယ်အချက်တစ်ခုအဖြစ် တွေ့ရှိခဲ့ပါသည်။ ထို့ကြောင့် ဤဆောင်းပါးတွင် မြန်မာ့ရိုးရာအတာသင်္ကြန်နှစ်သစ်ကူးပွဲတော်ကို ယူနက်စကိုသို့ အဆိုပြုတင်သွင်းခဲ့ပုံအဆင့်ဆင့်နှင့် အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း မည်သို့မည်ပုံ စာရင်းတင်သွင်းရမည်ဆိုသည့်အကြောင်းကို ဦးစားပေးတင်ပြသွားပါမည်။

ပြည်သူအများစု မသိရှိသောအချက်မှာ ထိုင်းနိုင်ငံ၏ ဆုန်ခရမ်ပွဲတော်ကို ICH (Intangible Cultural Heritage) ဟူသည့် ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် ယူနက်စကိုသို့ တင်ပြရာတွင် မြန်မာ့ရိုးရာအတာသင်္ကြန်ကို ဆွဲယူတင်သွင်း၍မရဘဲ ထိုင်းနိုင်ငံတွင် နှစ်စဉ်ဆင်နွှဲလေ့ရှိသည့် ရိုးရာပွဲတော်တစ်ခုအနေဖြင့်သာ တင်သွင်းခဲ့သည့် အချက်ပင်ဖြစ်သည်။ သို့သော် ပြည်သူအများစု၏ ဝေဖန်အကြံပြုမှုများအပြင် မိမိတို့နိုင်ငံ၏ ရိုးရာဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Cultural Heritage Trust – MCHT) မှ ကမကထပြုကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးသည့် အသိ/အတတ်ပညာရှင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ Living Myanmar Media Group နှင့် Ko Hein's Vlog ကဲ့သို့ သတင်းနှင့် လူမှုကွန်ရက်မီဒီယာလုပ်ငန်းများနှင့် စိတ်ပါဝင်စားသူပြည်သူများပူးပေါင်း၍ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ယူနက်စကို၏ ICH စာရင်းဝင်ရန်အတွက် ၂၀၂၃ ခုနှစ်တွင် စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ကြားသိရပါသည်။

**အတာသင်္ကြန်ပွဲတော်ဟူသည် ရှေးနှစ်ထောင်ပေါင်းများစွာမှသည် ယနေ့တိုင်အောင် နှစ်စဉ်မပျက်မကွက် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော်တစ်ခုပင်ဖြစ်၊ နှစ်စဉ်နှစ်တိုင်းမြန်မာတစ်မျိုးသားလုံး အပါအဝင် ကမ္ဘာလှည့်ခရီးသွားများ၊ လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည့် ကမ္ဘာသိရိုးရာပွဲတော်တစ်ခုဖြစ်...**

ထို့ကြောင့်မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (MCHT) သည် Living Myanmar Media Group၊ Ko Hein's Vlog စသည့် သတင်းမီဒီယာများနှင့်ပူးပေါင်းကာ မြန်မာ့ရိုးရာအတာသင်္ကြန်သည် ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့အထိ မြန်မာတစ်မျိုးသားလုံး ပါဝင်ဆင်နွှဲလျက်ရှိသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ အတာသင်္ကြန်ပွဲတော်ကျင်းပရန် မြန်မာ့ရိုးရာပြက္ခဒိန်တွင် နှစ်သစ်ကူးကာလကို တွက်ချက်ခြင်း၊ သမိုင်းစာပေအထောက်အထားများ၊ အကြိုနေ့မှအတက်နေ့အထိ ရေသဘင်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ပျော်ရွှင်စွာကျင်းပပုံများနှင့် သင်္ကြန်ပွဲတော်တွင် ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံအရ ကျွေးမွေးဧည့်ခံကြပုံ၊ ဘေးမဲ့လွှတ်ကြပုံ၊ သက်ကြီးဘိုးဘွားများကို ပြုစုစောင့်ရှောက်ကြပုံ၊ဥပုသ်သီတင်းသီလဆောက်တည်၍ အလှူဒါနပြုကြပုံများစသဖြင့် သက်ဆိုင်သော အချက်အလက်များကို စုဆောင်း၍ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန် (ရေသဘင်ပွဲတော်) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တင်သွင်းရန်အတွက် အဆိုပြုလွှာကို ၂၄.၃.၂၀၂၃ ရက်တွင် Living Heritage Entity Culture Sector (France) သို့ DHL ဖြင့် ပေးပို့ခဲ့ကြောင်းသိရှိရပါသည်။

ထိုသို့ပေးပို့ရာတွင် အဆိုပြုလွှာအပြင် သင်္ကြန်ပွဲတော်နှင့် သက်ဆိုင်သော အချက်အလက်များကို ၁၀ မိနစ်ထက်မကျော်သည့် အင်္ဂလိပ်စကားပြောမှတ်တမ်းရုပ်သံအဖြစ် ဖန်တီးကာ ပေးပို့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဖန်တီးရာတွင် လူမှုကွန်ရက်



မီဒီယာများတွင် တစ်နိုင်ငံလုံးရှိ မြန်မာပြည်သူများ သင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပုံ ရုပ်သံအစစ်အမှန်များကိုသာ လူမှုကွန်ရက်တွင် ရှာဖွေစုဆောင်း၍ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း Living Myanmar Media ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ ထို့နောက် ၂၆.၉.၂၀၂၃ ရက်တွင် Community voice ဟုခေါ်သည့် အသိပညာရှင် အတတ်ပညာရှင် ပြည်သူများနှင့် တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၏ ထောက်ခံချက်နှင့်အသံဖိုင်ကို ထပ်မံပေးပို့ခဲ့ကြောင်း သိရှိရပါသည်။ ၅.၈.၂၀၂၄ ရက်တွင် ယူနက်စကိုမှ ထပ်မံမေးမြန်းလာသည့် မေးခွန်းနှစ်ခုအား အင်္ဂလိပ်၊ ပြင်သစ်နှစ်ဘာသာဖြင့် ရေးသားဖြေဆို၍ ၅.၈.၂၀၂၄ ရက်တွင် ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရှိပါသည်။

မြန်မာပြည်သူအများစု မသိရှိသည့်အချက်မှာ ထိုသို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအတွက် အဆိုပြုတင်သွင်းရာတွင် ယူနက်စကိုအနေဖြင့် အစိုးရမဟုတ်သော အရပ်ဘက်ယဉ်ကျေးမှု/လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူတို့၏ ကိုယ်တိုင်တင်ပြလျှောက်ထားချက်များကိုသာ လက်ခံ၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ယူနက်စကို၏ စည်းမျဉ်းများအရအစိုးရအနေဖြင့် တိုက်ရိုက်လျှောက်ထားလုပ်ကိုင်၍မရသဖြင့် အစိုးရဌာနဆိုင်ရာများသည် တင်ပြလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များကိုကူညီ၍ ရှာဖွေပြုစုပေးခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာကိစ္စများနှင့် အခြားလိုအပ်သော အရင်းအမြစ်များ ကူညီထောက်ပံ့ပေးခြင်း စသည့် ပံ့ပိုးကူညီမှုများကိုသာလျှင် ဆောင်ရွက်ပေးနိုင်ပါသည်။ ယခုကဲ့သို့ MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၏ အကူအညီပေးမှုများလည်း ပါဝင်နေကြောင်းကို ကြားသိရပါသည်။

နိုင်ငံအသီးသီးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုများသည် တူညီမှုရှိသကဲ့သို့ ကွဲပြားခြားနားမှုများလည်း ရှိပါသည်။ နိုင်ငံအသီးသီးရှိ ဒြပ်မဲ့ယဉ်ကျေးမှုများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ယူနက်စကိုအဖွဲ့ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၁၇ ရက်အထိ ကျင်းပခဲ့သည့် (၃၂) ကြိမ်မြောက် အထွေထွေအစည်းအဝေး၌ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ် (2003 Convention for the Safeguarding of the Intangible Cultural Heritage)ကို ရေးဆွဲချမှတ်ခဲ့ပြီး ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၅ နိုင်ငံပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် မေလ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

**စာမျက်နှာ ၁၃ သို့**

❒ စာမျက်နှာ ၁၂ မှအဆက်

**မျိုးဆက်တစ်ခုမှတစ်ခုထံသို့ ယဉ်ကျေးမှုအမွေအနှစ်များကိုနှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလထိ ဆင့်ကဲဆင့်ကဲရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါ်ထွန်းလာခြင်းပင်ဖြစ်၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူပြီးဖြစ်…**

၂၀၀၃ ကွန်ဗင်းရှင်း သတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုတွင် နယ်ပယ် (၅)ခု ပါဝင်ပြီး

- (က) ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ ဘာသာစကားများ
- (ခ) ဖျော်ဖြေတင်ဆက်မှုအနုပညာများ
- (ဂ) လူမှုရေးအစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ
- (ဃ) သဘာဝနှင့်စကြဝဠာဆိုင်ရာဗဟုသုတနှင့် ရိုးရာအစဉ်အလာဓလေ့များ
- (င) ရိုးရာလက်မှုပညာရပ်များ ပါဝင်ပါသည်။

ယခုမြန်မာ့ရိုးရာအတာသင်္ကြန်ကိုသာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရမည်ဆိုလျှင် မြန်မာနိုင်ငံအတွက် ပထမဆုံးယူနက်စကို ICH စာရင်းဝင်ခဲ့သည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်လာလိမ့်မည်ဖြစ်သည်။ သို့သော် ပထမဆုံးတင်သွင်းခဲ့ခြင်းတော့ မဟုတ်ခဲ့ချေ။ မြန်မာ့ရိုးရာသနပ်ခါးကို ယူနက်စကို ICH စာရင်းဝင်အဖြစ်သို့ လျှောက်ထားရန် ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းခဲ့ကြပြီး ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်က ယူနက်စကိုသို့ တင်ပြထားခဲ့သော်လည်း ယနေ့အထိ တိုးတက်မှုမရှိသေးကြောင်း သိရှိခဲ့ရပါသည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ပင် သနပ်ခါးဟူသည် မြန်မာလူမျိုးအများစု နေ့စဉ်လိမ်းကျံအလှဆင်ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပြီး ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်း၌သာရှိသည့် မြန်မာ့ယဉ်ကျေးမှုစစ်စစ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုသို့ တိုးတက်မှုမရှိခြင်းအပေါ် ပြန်လည်သုံးသပ်၍ ပြင်ဆင်တင်ပြသင့်ပါကြောင်း အကြံပြုတင်ပြလိုပါသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၌ မျက်မြင်အားဖြင့် အကောင်အထည်မဖော်ပြနိုင်ဘဲ မြန်မာတိုင်းရင်းသားတို့၏ နှလုံးသား၌ စွဲကျန်နေသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ များစွာရှိပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုမှတစ်ခုထံသို့ ယဉ်ကျေးမှုအမွေအနှစ်များကို နှုတ်ဖြင့်ဖြစ်စေ၊ လက်တွေ့သင်ကြားပေးခြင်းဖြင့်ဖြစ်စေ၊ မှတ်တမ်းမှတ်ရာများထားရှိပေး၍ဖြစ်စေ ရှေးယခင်မှ ယခုမျက်မှောက်ကာလထိ ဆင့်ကဲဆင့်ကဲရောက်ရှိလာခြင်းသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပေါ်ထွန်းလာခြင်းပင်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း စုစုပေါင်း ၂၂၈၉ ခုကို မှတ်တမ်းကောက်ယူပြီးဖြစ်ကြောင်း သိရှိရပါသည်။ ယခု MCHT ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုနည်းလမ်းများသည် မြန်မာတိုင်းရင်းသားအများစု လက်လှမ်းမီ၍ လိုက်ပါလုပ်ဆောင်နိုင်သော လုပ်ငန်းစဉ်များပင်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့တိုင်းရင်းသား မျိုးနွယ်တို့၏ မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းကြသည့် ရိုးရာဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ပြပွဲများပြုလုပ်ခြင်း၊ ပြတိုက်များတွင် ပြသခြင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ခြင်းကဲ့သို့ နည်းလမ်းများဖြင့် ရိုးရာယဉ်ကျေးမှုကို ဆက်လက်ရှင်သန်အောင် အားပေးဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မိမိတို့၏ ဒေသနှင့် ဓလေ့ထုံးစံများအလိုက် ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒြပ်မဲ့ယဉ်ကျေးမှုများကို ဒေသအဆင့်မှ နိုင်ငံတော်အဆင့်၊ ထိုမှတစ်ဆင့် ကမ္ဘာ့အမွေအနှစ်အဆင့်အထိအောင် တက်လှမ်းရာတွင် ဒေသခံပြည်သူများ၏ အခန်းကဏ္ဍသည်သာ အဓိကဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာများမှလည်း ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ကြားသိရပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းသည် နိုင်ငံသားအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း ဤဆောင်းပါးဖြင့် အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ကျောက်ပန်းတောင်းမြို့နယ်၌ ဆည်ရေသောက် မိုးစပါး ဧက ၄၂၁၀ စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆည်ရေသောက် မိုးစပါး ဧက ၄၂၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးကြီးကြပ်အဖွဲ့တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆည်ရေသောက် မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ကြက်မောက်တောင် ဆည်ရေသောက်ဒေသတွင် ၂၉၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး လျာထားချက်ထက်ပိုမို၍ ၃၃၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ပင်းဆည်ဒေသတွင် ၅၀၈ ဧကလျာထားသည့်အနက် ၄၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကြက်မောက်တောင် (ရေကူ) ဒေသတွင် လျာထားသည့်အတိုင်း ၃၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးများအနက် မနောသုခ ၃၉၇၆ ဧက၊ ဆင်းသုခ ၆၂ ဧက၊ ysri မျိုး ၁၆ ဧကနှင့် ထွန်းပုမျိုး ၅ ဧက၊ ရွှေမနော် ၁၅၁ ဧက စိုက်ပျိုးခဲ့သည်။ စိုက်ပျိုးထားသော မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဒီဇင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
  - (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁
- (ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂
- (ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  - (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇
- (ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  - (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  - (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉
- (စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀
- (ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  - (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁
- (ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  - (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂
- (ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  - (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
- (ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  - (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
- (ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  - (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅
- (ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  - (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကန့်ဘလူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၁၈၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဒီဇင်ဘာ ၄


စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၁၈၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့်မုန်ညင်း စသည့်သီးနှံစုံ ၂၀၂၂၁၇ ဧကကို ယခုနှစ် စက်တင်ဘာလက စတင်စိုက်ပျိုးခဲ့ရာ မြေပဲ ၈၇၈၀၃ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ နေကြာ ၁၉၂၇ ဧက၊ ပန်းနှမ်း ၂၀၃၃ ဧကနှင့် မုန်ညင်း ၅၃၂ ဧက စုစုပေါင်း ဧက ၁၈၈၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ကန့်ဘလူမြို့နယ်မှာ ဆီထွက်သီးနှံကို မိုးသီးနှံစိုက်ပျိုးရာသီနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စိုက်ပျိုးကြပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ဧက ၂၀၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားရာမှာ နိုဝင်ဘာလ ၃၀ ရက်အထိ ဧက ၁၈၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မြို့နယ်အတွင်း စားသုံးဆီဖူလုံစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်ရရှိစေဖို့၊ စိုက်ပျိုးရေးနည်းပညာတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာတွေကို ဖြန့်ဖြူးပေးနေပါတယ်။ မြို့နယ်အတွင်းသာမက ပြည်တွင်းမှာရှိတဲ့ စားသုံးသူတွေ ဆီဖူလုံမှုရှိစေဖို့အတွက် ဆီထွက်သီးနှံတွေ စိုက်ပျိုးတာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြပြီး အထွက်နှုန်းကောင်းမွန်ရေးအတွက် စီးပွားရေးတွက်ခြေကိုက်သည့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများကို စိုက်ပျိုးရေးပညာရှင်များနှင့်ဆွေးနွေးတိုင်ပင်ကာ ရာသီအလိုက် သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# ပြည်မြို့ရှိ အခြေခံပညာကျောင်းများ၌ ဥပဒေပညာသင်ကြားနိုင်ရေး ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းဖွင့်လှစ်



ပြည် ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ဥပဒေပညာသင်ကြားနိုင်ရေးအတွက် Grade–11 နှင့် Grade– 12 ဆရာ၊ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းအမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်က ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးဥပဒေချုပ်ဦးခင်မောင်တင့်က ဥပဒေရေးရာဝန်ကြီးဌာနမှ အခြေခံပညာကျောင်းများ၌ ဥပဒေပညာသင်ကြားနိုင်ရေးအတွက် Grade–11 နှင့် Grade–12 ကျောင်းသား၊ ကျောင်းသူများနှင့်သင့်လျော်မည့် ဥပဒေအသိပညာဆိုင်ရာသင်တန်းညွှန်းတမ်းကို ရေးသားပြုစုပြီး ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းကာ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း Training of Trainer (TOT)ကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသောဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဆရာ၊ ဆရာမများအား ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကိုဖွင့်လှစ်ပြသပြီးနောက် သင်တန်းစတင်ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့ကို ဒီဇင်ဘာလ ၃ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကသာမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

ကသာ ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၃ ရက်က ကသာမြို့ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက လူငယ်နှင့်ဥပဒေရေးရာ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကသာမြို့မစခန်းမှူး ဒုတိယရဲမှူးတင့်နိုင်ထူးက ဥပဒေဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များ၊ ခရိုင်မူးယစ်တပ်ဖွဲ့စု(၆)မှ မူးယစ်တပ်ဖွဲ့စုမှူး ရဲအုပ်စောကျော်ဇောထွန်းက မူးယစ်အန္တရာယ်တို့ကာကွယ်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာအကြောင်းအရာများကို အသီးသီးဟောပြောပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလင်းက ကျေးဇူးတင်စကားပြောကြားသည်။

ကသာမြို့နယ်ရှိ လူငယ်လူရွယ်များအနေဖြင့် အသိပညာပေးဟောပြောပွဲများမှရရှိသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်အတွက် အကျိုးရှိစွာ အသုံးပြုတတ်ရန် ယခုကဲ့သို့ ဟောပြောပွဲများ ကျင်းပခြင်းဖြစ်ကြောင်း၊ အသိပညာပေးဟောပြောပွဲများကိုလည်း ဌာနဆိုင်ရာများနှင့်ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# တောင်တွင်းကြီးမြို့နယ် အင်တောသာကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်နေသည့် တောင်တွင်း– အောင်လံကားလမ်းမကြီးဘေး အင်တောသာကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆလိုင်းနေအောင်ဆန်းနှင့် တာဝန်ရှိသူများက တောင်တွင်းကြီးမြို့နယ် တောင်တွင်း– အောင်လံကားလမ်းမကြီးဘေး အင်တောသာကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး လိုအပ်သည်များ ပြောကြားသည်။

အဆိုပါ အင်တောသာကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းတွင် အရှည် ၁ မိုင် ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၂ ပေ မြေသားဘောင်တင်ခြင်းနှင့် မြေနီ ၉ လက်မခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုငွေ ငွေကျပ် ၆၂ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် မန်းကေသီဦးကုမ္ပဏီမှ ယခုနှစ်ဇူလိုင်လပထမပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကျေးရွာအဝင်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၃၈၁ စု လူဦးရေ ၁၈၇၁ ဦးအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့်ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များနှင့် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင်ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားအဖွဲ့များအားတွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄)၌ ကျင်းပသည်။





အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်အဆင့်ကျင်းပသည့် အမျိုးသားအားကစားပွဲတော်တွင် "အနိုင်/အရှုံးသည် ပဓာနမဟုတ်၊ ယှဉ်ပြိုင်ခြင်းသာအဓိက" ဟူသော အားကစားစိတ်ဓာတ်ကိုအခြေခံ၍ယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်မှကြီးမှူးကျင်းပသည့် အားကစားပြိုင်ပွဲများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အောင်မြင်မှုအစဉ်အလာများစွာရှိခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်စေရေးနှင့် နိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် အောင်ပန်းဆွတ်ခူးရရှိနိုင်စေရန် ဆန္ဒပြုတိုက်တွန်းကြောင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနကိုယ်စားပြုအားကစားအဖွဲ့တစ်ခုချင်းစီ၏ အုပ်ချုပ်သူများက ကြိုးပမ်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်း ခြောက်မျိုးတွင် အားကစားသမား ၁၁၅ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း နှစ်နိုင်ငံကျန်းမာရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေးညှိနှိုင်း



နေပြည်တော် ဒီဇင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် မြန်မာနိုင်ငံသံရုံးမှတာဝန်ရှိသူများနှင့်အတူ ယမန်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီး H.E. Mr. Lei Haicho ဦးဆောင်သည့်အဖွဲ့နှင့် နှစ်နိုင်ငံသီးခြားအစည်းအဝေးသို့တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအားအမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးရာတွင် နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် တိုင်းရင်းဆေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ **ဆေး**၊ ဆေးပစ္စည်းနှင့် **ရောဂါကာကွယ်ဆေး** အစရှိသည်များ လှူဒါန်းပေးခဲ့မှုအခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအထောက်အပံ့ဖြင့် နေပြည်တော်တွင်တည်ဆောက်ခဲ့သည့် Myanmar CDC နှင့် China CDC ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကျန်းမာရေးကဏ္ဍလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်မြန်မာနိုင်ငံမှဆရာဝန်များ၊ သွားဆရာဝန်များ၊ သူနာပြုများ၊ Technicians (နည်းပညာရှင်များ)ကို တရုတ်နိုင်ငံသို့စေလွှတ်၍ ကျွမ်းကျင်မှုပိုင်းဆိုင်ရာသင်တန်းများပူးပေါင်းဆောင်ရွက်ရေး၊ လာမည့်(၂၀၂၅)ခုနှစ်တွင် ကျရောက်မည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး(၇၅)နှစ်မြောက်တွင်လည်း ကျန်းမာရေးကဏ္ဍအနေဖြင့် အထူးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို နှစ်ဦးနှစ်ဖက် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင် ကျန်းမာရေးဝန်ကြီးတည်ခင်းဧည့်ခံသောညစာစားပွဲသို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် (မြန်မာ – ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban KARA- OOL ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေ ၃ နာရီမိနစ် ၂၀ တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလားအလာကောင်းများ၊ မြန်မာနိုင်ငံတွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုရှားနိုင်ငံမှ နိုင်ငံတကာ လေ့လာသူအဖြစ် ပါဝင်အကူအညီပေးရေး၊ ရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတကာမှကျင့်သုံးလျက်ရှိသည့် အလေ့အကျင့်များကို မျှဝေကူညီဆောင်ရွက်သွားမည့်အစီအစဉ်များတွင် ရုရှားဘာသာစကားပြန်များ ကူညီပံ့ပိုးပေးရန်နှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအပြန်အလှန်အကူအညီပေးရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့်တာဝန်ရှိသူများ၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander AZIZOV နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။


အလားတူ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဟန္တိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီး H.E. Mr. Uladzimir Baravikou ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် သံအမတ်ကြီးတို့သည် မြန်မာ-ဘယ်လာရုစ်သံတမန်ဆက်ဆံရေးစတင်တည်ထောင်မှု (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကွဲကော်ပင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ် (၁၇) ပရိဝုဏ်အတွင်း စိုက်ပျိုးကြသည်။

ထို့နောက်နှစ်ဖက်တွေ့ဆုံ၍ မြန်မာ-ဘယ်လာရုစ်သံတမန်ဆက်ဆံရေး စတင်တည်ထောင်မှု (၂၅) နှစ်ပြည့်အထိမ်းအမှတ်ကျင်းပသွားနိုင်ရေး၊ နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်များအကြား ခရီးစဉ်များစီစဉ်ကာ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ပညာရေးပူးပေါင်းဆောင်ရွက်မှုများပိုမိုပြုလုပ်သွားနိုင်ရေး၊ မြန်မာ-ဘယ်လာရုစ်ချစ်ကြည်ရေးမြှင့်တင်ဆောင်ရွက်ရေးစသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အပြန်အလှန်ရင်းနှီးပွင့်လင်းစွာတွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာဘယ်လာရုစ်သံအမတ်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



**❖ သံတမန်ဆက်ဆံရေးနှင့် ကုန်သွယ်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့်ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများလေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာပညာတော်သင်များစေလွှတ်နိုင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာများတွင်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကိုရင်းရင်းနှီးနှီးဆွေးနွေး**



**★ ရှေ့ဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ဆက်ဆံရေးနှင့်ကုန်သွယ်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ဆေးဝါးကဏ္ဍ၊ စက်မှုကဏ္ဍများနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ကျောင်းသား၊ ကျောင်းသူများလေ့လာရေးခရီးစေလွှတ်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာတော်သင်များ စေလွှတ်နိုင်ရေးနှင့်ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟန္သာဝတီ... ဟန်ချိုင်းမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Uladzimir Baravikou အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Naypyitaw State Academy (NSA)၌ "Russia and friendly countries in multipolar world"ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချ




**နေပြည်တော် ဒီဇင်ဘာ ၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E.Mr.Sholban Kara-Ool သည် ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy (NSA) မှ ကျောင်းသား၊ ကျောင်းသူများအား "Russia and friendly countries in multipolar world" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချသည်။

အဆိုပါသင်ခန်းစာပို့ချမှုသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာနုနုလွင်နှင့် ဒေါက်တာစိုးစိုးအောင်၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်၍ နိုင်ငံ၏အကျိုးစီးပွားကို မြှင့်တင်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးတိုးတက်စေရန် နှစ်နိုင်ငံအကြား မဟာဗျူဟာကျသည့် စီမံကိန်းများကို အကောင်အထည်ဖော်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံရှိ တက္ကသိုလ်ကျောင်းများတွင် ဘွဲ့လွန်သင်တန်းများ၊ ဘာသာစကားသင်တန်းများ တက်ရောက်နိုင်ရေး ၊ ရုရှားနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများကိုလည်း မြန်မာနိုင်ငံရှိ တက္ကသိုလ်ကျောင်းများသို့ နှစ်နိုင်ငံအပြန်အလှန် ပညာတော်သင်များစေလွှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး "Russia and friendly countries in multipolar world" ခေါင်းစဉ်ဖြင့် သင်ခန်းစာပို့ချရာ တက်ရောက်ကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီအား နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် မိုင်းပျဉ်းမြို့ရှိပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

**● မြန်မာ့ရိုးရာနှစ်သစ်ကူးမှ**

ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး တရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ပါဝင်နိုင်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းအပါအဝင် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန် ပွဲတော်"ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် "မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာနိုင်ခြင်း၊ မျိုးဆက်သစ် နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး အတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းစတင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနသည် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် စီမံကိန်းနှစ်ခုအကောင်အထည် ဖော်ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး အဆိုပါစီမံကိန်း များ စတင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ မြန်မာနိုင်ငံ ဆိုင်ရာ တရုတ်သံရုံးမှ Second Secretary Mr. Zhang Zhonghua၊ သက်ဆိုင်ရာဌာန များမှ ဖိတ်ကြားထားသော ဧည့်သည်တော် များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ယခုနှစ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာအထူးရန်ပုံငွေ (၂၀၂၄) ၏ စီမံကိန်းနှစ်ခုဖြစ်သော "စိုက်ပျိုးရေး ကုန်ကြမ်းသီးနှံအခြေခံအသေးစားကုန်ထုတ် လုပ်ငန်းများမြှင့်တင်ခြင်းစီမံကိန်း" နှင့် "အသေးစားလုပ်ငန်းများ မြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အသေးစားနှင့် အငယ်စားစက်မှုလုပ်ငန်းများ၏ဒစ်ဂျစ်တယ် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်းစီမံကိန်း" တို့ကိုဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းနှစ်ခုကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ နှစ်နှစ်တာကာလအတွင်း အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Zhang Zhonghua နှင့်




နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေး အဖွဲ့(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးတို့က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၄)ဖြင့် ဆောင်ရွက်မည့်စီမံကိန်းနှစ်ခုနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြသည်။

ယင်းနောက် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနက အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည့် စီမံကိန်း ၁၅ ခုအနက် စီမံကိန်းကိုးခု ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများဆိုင်ရာ Video Clip ကိုပြသပြီး ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဆောင် ရွက်မည့် စီမံကိန်းများဖြစ်သော "စိုက်ပျိုး ရေးကုန်ကြမ်းသီးနှံအခြေခံ အသေးစား ကုန်ထုတ်လုပ်ငန်းများမြှင့်တင်ခြင်းစီမံကိန်း" ဖြင့် တရုတ်နိုင်ငံမှပညာရှင်များ ဖိတ်ခေါ်ပြီး ဌာနရှိနည်းပြများကို ToT သင်တန်းပေးခြင်း၊ ဌာနရှိ နည်းပြများက ကျေးလက်နှင့် မြို့ပြ ရှိ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များကို စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ MSME Business Plan Training နှင့် Food Safety Training သင်တန်းများပေးခြင်း၊ စီမံကိန်း စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းများ ပြုလုပ်ခြင်း၊ စားသောက်ကုန်ထုတ်လုပ်မှု ဆိုင်ရာ အသိပညာများပိုမိုသိရှိလာစေရေး အတွက် လေ့လာရေးခရီးစေလွှတ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပနိုင်ရေးဆွေးနွေး၊ ဌာနဆိုင်ရာရုံးများကို လှည့်လည်ကြည့်ရှု




စစ်တွေ ဒီဇင်ဘာ ၄

နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားအောင်မြင် စွာကျင်းပနိုင်ရေး(၂/၂၀၂၄) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နေ့လယ်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်း က အမှာစကားပြောကြားသည်။

ထို့နောက် နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်ရခိုင်ပြည်နယ်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုအား လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ဆွေးနွေး တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာန ဆိုင်ရာများက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေး ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များသည် ပြည်နယ်စိုက်ပျိုး ရေးဦးစီးဌာနနှင့် ပြည်နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံးတို့သို့ သွားရောက် ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်း များ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရုံးအတွင်းဝန်ထမ်းများက ရုံးလုပ်ငန်းများအား လုပ်ဆောင်နေမှုကို လှည့်လည်ကြည့်ရှုပြီး ရုံးအတွင်း ဟင်းသီး ဟင်းရွက်များနှင့် သီးနှံပင်များစိုက်ပျိုးထား ရှိမှုနှင့် ရုံးသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနရုံးသို့သွားရောက်ပြီး ဝန်ထမ်း များနှင့် တွေ့ဆုံအားပေးစကားပြောကြား ခဲ့ကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

# လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC AION S MEI 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Unitrust Enterprise Group of Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR 03 အမျိုး အစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် YADEA အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ လာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)



| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၀°c / ၃၂°c |
| ရန်ကုန် | ၂၂°c / ၃၅°c |
| မန္တလေး | ၂၁°c / ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of Belarus to Myanmar based in Hanoi



Senior General Min Aung Hlaing receives H.E. Mr. Uladzimir Baravikou, the Ambassador of Belarus to Myanmar.



Senior General Min Aung Hlaing presents a gift to H.E. Mr.Uladzimir Baravikou, the Ambassador of Belarus to Myanmar.

NAY PYI TAW December 4

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Uladzimir Baravikou, the Ambassador of Belarus to Myanmar based in Hanoi, this morning. The meeting took place at the reception hall of the Office of the Chairman of the State Administration Council in Nay Pyi Taw.

Along with the Senior General, Joint SAC Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and officials attended the meeting.

During the meeting, cordial discussions focused on strengthening bilateral friendship and cooperation. Key topics included enhancing diplomatic relations and trade, fostering collaboration in education, agriculture, farming, healthcare, industry, and tourism, as well as expanding partnerships in various other sectors. The agenda also covered initiatives for sending students on study tours, dispatching scholars in science and technology, and advancing defence cooperation.

After the meeting, the Senior General and the Ambassador of Belarus exchanged gifts and posed for a group photograph.

**100**

# Myaung Township manages harvest of more than 18,000 acres of green gram

MYAUNG December 4

A total of 18,748 acres of green gram has been harvested in Myaung Township of Sagaing Region, according to the Sagaing District Department of Agriculture.

This year, local farmers planted 2,813 acres of pre-monsoon green gram and 16,952 acres of monsoon green gram, totalling 19,765 acres. They started cultivation of crops in August this year. So far, they have harvested 2,813 acres of pre-moon green gram, yielding 19.62 baskets per acre and 16,935 acres of monsoon green gram, producing 17.72 baskets per acre.

Daw Thida Lwin, Head of Sagaing District Department of Agriculture explained: "This year, local farmers planted just 19,765 acres of green gram in Myaung Township. Now, they are harvesting the crops. So far, they have completed harvest of 18,000 acres of crops with high yield. We have plans to educate local farmers to expand sown acreage of green gram and use quality strains of crops to boost per-acre yield of crops."

This year, officials of the Agriculture Department disseminated knowledge about use of quality strains of crops, good agricultural techniques, prevention of pests and broadcasting of fertilizers to local farmers.

Moreover, officials of the township department cooperated with local farmers for providing quality crops, agricultural inputs and post-harvest technology for local farmers to minimize loss and waste of crops.

**SMK**

# More than 7,000 acres of vegetables planted in KhinU Township

KHINU December 4

Local farmers have so far placed 7,895 acres of croplands under vegetables as cold season crops in KhinU Township of Sagaing Region, according to the statistics of KhinU Township Agriculture Department.

Local authorities planned to grow 9,869 acres of vegetables in the township in 2024-2025 cold season but farmers have planted 7,895 acres of crops against the target cultivation.

U Nay Win Naing, Head of KhinU Township Department of Agriculture said: "We earmarked cultivation of more than 9,000 acres of vegetables this cold season. Local farmers have planted over 7,000 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, Chinese cabbage and cauliflower. We provide agricultural techniques for farmers to use GAP system. Moreover, we urge them to take care of growing crops with least chemical residues."

This year, officials of the township Department of Agriculture conducted training courses for local farmers to grow vegetables with modern agricultural techniques to produce the healthy crops and expand sown acreage of crops.

Seasonal vegetable crops are thriving in KhinU Township to contribute increase of family incomes of local farmers. The Township Department of Agriculture raise farmer awareness to use correct agricultural techniques, prevent pests and use natural fertilizers and pests for boosting production of crops.

**SK**

# Prawns drive growing demand in local and foreign markets

NAY PYI TAW December 4


Myanmar is exporting more prawns to both domestic and international markets during this year's fishing season, according to U Aung Than Oo, Vice Chairman of the Myanmar Fisheries Federation (MFF).

In the past, domestic consumption for saltwater prawns was low and they were mainly exported, but now the market has changed and domestic consumption has increased by 10 percent.

"During this year's fishing season, the capture of prawns is increasing and sales are also increasing. In previous years, 90 percent of our prawns production was exported and only 10 percent went to the local market. This year, domestic demand has increased by more than 20 percent. Almost 80 percent are foreign exports. In the past, prawns were expensive so local people didn't eat it much and there was no local demand. Now, the market has changed due to the fact that it is convenient to buy at this price level," he said.

**SK**





# Kyaiklat Township supplies 550,000 pieces of coconuts to Yangon market

KYAIKLAT December 4

"Businesspersons from Kyaiklat Township of Ayeyawady Region sold 550,000 pieces of coconut to Yangon market," said Daw Aye Myint, the owner of coconut trading centre in Kyaiklat Township.

They sent 400,000 pieces of coconut to Yangon in September but 550,000 in October. Coconut fetches Ks-88,000 per 100 pieces of coconuts in Yangon market.

Daw Aye Myint unveiled: "Businesspersons mainly sell coconut from Bogale to Yangon market. In October, trading of coconut is good due to high demand. As demand is high for purchase of coconuts, local farmers and those in trading chains can earn increased income."

She commented that businesspersons, coconut farmers, freighters, truck drivers and all persons in the trading chain are convenient in earning income.

**SMK**

# 70,000 bags of Thai Baygya paddy sent to Yangon market

NYAUNGDON December 4

"Local businesspersons from Nyaunggon Township of Ayeyawady Region supply 70,000 bags of Thai Baygya paddy to Yangon market," said Daw Khaing Kyaing Win, the owner of Rice and Paddy Trading Commodity Centre in Nyaungdon Township.

It was reported that a total of 40,000 bags of Thai Baygya paddy was sent by local farmers from Nyaungdon Township to Yangon market in August but 70,000 bags in September.

Daw Khaing Khaing Win disclosed: "We sent 70,000 bags of Thai Baygya paddy to Yangon market in September alone. Local merchants mostly send agricultural produce to Yangon market. Thai Baygya is one of the paddy strains included in the non-premium quality. Now, demand is high from Yangon market to purchase Thai Baygya from us. At present, paddy price is high at the market at home and abroad."

**SMK**

# Labutta Township sells 80,000 viss of sundried salt to Yangon market

LABUTTA December 4

"Local merchants sold 80,000 viss of sundried salt to Yangon market in October," said Daw Mar Mar Yi, the owner of salt production in Labutta Township of Ayeyawady Region.

They supplied 58,000 viss of sundried salt to Yangon market in September but 80,000 viss in October.

Daw Mar Mar Yi said: "Local merchants primarily sell salt to Yangon market only. In October, they sold 80,000 viss of sundried salt to Yangon. In November, they are still selling a lot of salt to Yangon. Due to high demand, local salt farmers and those in the industry are convenient in earning incomes."

Local salt farmers produce salt to be sold to Yangon market. Salt fetches Ks-59,000 per 10 viss. Sundried salt is used in fish paste, dried fish and fish sauce.

**SK**

# Monywa Township reaps more than 700 acres of black gram this year

MONYWA December 4

Local farmers in Monywa Township of Sagaing Region have reaped 755 acres of black gram planted in recent monsoon, according to the Monywa Township Department of Agriculture.

Local farmers planted 755 acres of black gram this year in Monywa Township and they started harvesting of crops in August. So far, they have harvested 755 acres of crops, yielding 10 baskets per acre.

U Soe Thet Aung, Head of Monywa Township Department of Agriculture disclosed: "Local farmers have harvested all 755 acres of black gram in Monywa Township. Our department provided necessary aid such as agricultural techniques and ways of preventing pests to local farmers."

This year, the township Department of Agriculture helped local farmers use quality strains of black gram, prevent pests and systematically use fertilizers in order to boost per-acre yield of crops.

Moreover, officials cooperate with local farmers in harvesting black gram with modern techniques and post-harvest technology to minimize loss and waste in process.

**SK**

# Economic growth buttressed by high added value industries

MOSCOW December 4

Russia's GDP has grown by 4.1 precent in January-October this year, and the main growth is concentrated in manufacturing industries, namely, in sectors with high added value, President Putin said on Wednesday.

"Last year, Russia's gross domestic product grew by 3.6 percent. This is well known. And in January-October of this year, it increased by 4.1 precent. Moreover, [this] growth is mainly concentrated in manufacturing industries, that is, in sectors with high added value. So, in 10 months, our manufacturing industry has increased by more than 8 percent, or rather 8".

The Russian economy will grow by approximately 4 percent this year, Putin said on Wednesday.

"This year Russia's economy will expand, last year it was 3.6 percent, this year it will be around 4 percent: 3.9 percent, or maybe 4 percent," Putin said.

**Sputnik**

# Russia sees third straight year of rising investments amid external challenges – Putin




MOSCOW December 4

Vladimir Putin delivered a speech on Russia's economy and its part in the global value chain, touching upon financial issues and welcoming foreign investors to the Russian stock market.

Investments in fixed capital by the Russian business sector are growing for the third year in a row, despite all the difficulties that have emerged or that are being created from the outside, Russian President Vladimir Putin said on Wednesday.

"Taking into account all the difficulties, investments in fixed capital of Russian business have been growing for the third year in a row, despite all the problems that we are experiencing or that they are trying to create for us from the outside," Putin said at VTB's "Russia Calling" investment forum.

The Russian Federation will continue to strengthen the capital market, and support companies entering the stock exchange, the president added.

**Sputnik**

# South Korea's martial law turmoil: North Korea will watch 'this drama play out'




MOSCOW December 4

The South Korean President announced on Tuesday night that he was reversing his martial law decision shortly after the parliament voted to block the move.

"Ironically, we sometimes talk about deescalating tensions between the two Koreas, but here, it is deescalating tensions among the South Koreans!" Michael Madden, nonresident fellow at the Stimson Center, told Sputnik when commenting on South Korean President Yoon Suk-yeol's aborted attempt to impose martial law in his country.

The move could be described as a "preemptive strike in terms of President Yoon's domestic standing", Madden, who is also a leading contributing analyst to 38 North and director and founder of NK Leadership Watch, said.

He warned there could be far-reaching consequences from South Korea's "domestic political turmoil" which saw the country's parliament swiftly block Yoon's martial law-related order:

"The most optimistic scenario would involve Yoon staying in office as a lame duck until his term expires, and the wider ROK political leadership running interim government until the next presidential election in 2027," according to the analyst. On the other hand, "we are more likely to see this conflict prolong," he added.

**Sputnik**

# Israeli attacks on Lebanon kill 4,047, injure 16,593: Health Minister

BEIRUT December 4

Lebanese Health Minister Firas Abiad announced on Wednesday that 4,047 people have been killed and 16,593 others injured in Israeli attacks on Lebanon since October of last year.

At a press conference in Beirut, Abiad said that 316 children were killed and 1,456 others injured, while 790 women were killed and 3,357 others injured in Israeli strikes across Lebanon.

Abiad also revealed that 67 hospitals were targeted by Israeli strikes, 40 of which were directly hit and seven others forcibly closed.

A ceasefire agreement between Lebanon and Israel took effect on November 27, following a deadly conflict between the Lebanese armed group Hezbollah and Israel that began on October 8, 2023. The confrontation has been regarded as the bloodiest since the last war between Lebanon and Israel in 2006.

Under the agreement, both sides agreed to a 60-day cessation of hostilities, with Israel gradually withdrawing its forces from southern Lebanon and Hezbollah retreating north of the Litani River.

Despite the truce, tensions remain high as both sides exchange accusations of ceasefire violations, raising concerns about the agreement's durability.

A source from Lebanese military intelligence, who required anonymity, told Xinhua on Wednesday that the Lebanese army had redeployed to four military sites west of the southern border town of Shebaa, which it abandoned about three months ago. The



source added that with this redeployment, the Lebanese army is now positioned approximately 700 meters from the Israeli sites in the occupied Shebaa Farms.

**Xinhua**

# U.S. "relieved" after South Korea lifts martial law: security spokesperson

WASHINGTON December 4

The United States felt "relieved" that the declaration of an emergency martial law was lifted in South Korea, a spokesperson for the U.S. National Security Council (NSC) said Tuesday.

"We are relieved President Yoon (Suk-yeol of South Korea) has reversed course on his concerning declaration of martial law and respected the ROK National Assembly's vote to end it," the spokesperson said in a statement.

Following the lifting of the martial law order, the U.S. Embassy in Seoul said in an alert that despite the reversal, "the situation remains fluid." It advised U.S. nationals in the country to "avoid areas where demonstrations are taking place."

The embassy said it would cancel routine consular appointments for U.S. citizens and visa applicants on Wednesday.

Yoon declared the emergency martial law in a televised emergency address on Tuesday night to eradicate anti-state forces and uphold free constitutional order.

This is the first martial law declaration since the country's military dictatorship ended in the late 1980s.

However, the emergency martial law was lifted early Wednesday at an urgently convened cabinet meeting after the South Korean parliament voted against it.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Honda's CUV e: EV Scooter Lands In Europe, Could Change The E-Mobility Game

A lot of the new electric two-wheeler innovations we've been seeing in recent years have come mostly from new players which were mostly previously unheard of. And unfortunately, a lot of these companies have been forced to shut down due to a myriad of financial issues.

But one thing a lot of these companies had in common was that they were perhaps simply dreaming too big. Companies like Sondors and Fuell revealed highly sophisticated and futuristic two-wheelers which were just trying to be too many things all at once. Plus, the fact that these brands pretty much had zero track record in the motorcycle industry didn't really help, either.

But now we're seeing mainstream players join the electric scene in full force. We've seen it with Kawasaki's Z and Ninja E-1, and now, with Honda, and its CUV e:, a simple, no-frills electric scooter.

Honda's been making headlines recently when it comes to its electric initiatives. At EICMA, Big Red unveiled two EV motorcycle concepts, and not long after, announced that it was investing heavily in solid-state battery technology. All while Honda's Mobile Power Pack e: has been proving its versatility in Europe and Japan, powering everything from construction equipment to light EVs to electric tourist boats.

And now, Honda has brought the CUV e: to Europe, and I think it's an electric scooter that could change the game.

Why? Well, because it's simple. You see, the CUV e: isn't really trying to be anything other than a practical, utilitarian scooter that wants to get you from point A to B. It's everything everyone has come to know and love about scooters, and it just so happens to be electric.

It gets a flat floorboard for you to put some stuff on, a comfortable seating position, a cubby hole up front, and the option to install a selection of practical accessories like a top case, luggage rack, and windscreen. Sure, it boasts connectivity tech like Honda's RoadSync and built-in navigation. But it doesn't go overboard with tons of tech simply for the sake of tech. Best of all, it's powered by a tried and tested powertrain that puts the Honda Mobile Power Pack e: in the spotlight once again.

With all the crazy things going on in the electric motorcycle industry, the Honda CUV e: certainly looks like a breath of fresh air. The fact that it's made by one of the biggest and most trusted manufacturers in the world is a big plus, too. Now, I don't know about you, but if I were asked whether I'd choose a Honda EV scooter or some Chinese knockoff EV scooter, you can bet I'd pick the Honda. Even if it cost twice that of the Chinese scooter.



To that end, how Honda prices this thing will indeed be a very important factor when considering its potential success. Nevertheless, Honda has proven that it knows how to make value-packed two-wheelers, and chances are the CUV e:'s price will reflect this, too.

**Inside EV**

# Battery Replacement Costs Are Poised To Plunge: 'Cheaper Than Fixing An Engine'



The high-voltage battery is the lifeblood of an electric vehicle. However, concerns about the long-term health of an EV battery and the potential high cost of replacing it, especially on a used model, may deter many buyers from going electric. However, a silent revolution is underway in the world of battery manufacturing. That revolution is focused on increasing the energy density of batteries and improving their durability, all of which is poised to impact their replacement costs and second-life values, as per a new report from battery health and data start-up Recurrent.

Battery replacements are rare. Automakers generally offer a warranty of eight years or 100,000 miles on the pack. Most modern batteries can last twice as long and go double the distance, according to Recurrent. And that's a conservative estimate. Tesla owners frequently report driving over 200,000 miles in their EVs, that too with minimal degradation. There's even a 1.2 million-mile Model S out there that has undergone four battery replacements—bringing the average replacement mileage to a whopping 300,000 miles.

Most of us won't go to such extremes. But in the rare case that you do require a replacement for whatever reason, how much will it cost in the future? Assuming the industry continues to proliferate at the same pace, Recurrent has an answer: astonishingly low!

Citing data from climate research firm RMI, Recurrent estimates that cell prices could reach US$-35 per kWh by the end of the decade. This would translate to pack prices of US$-50 per kWh, bringing the replacement cost of a 100 kWh battery to US$-4,500–US$-5,000, or about US$-3,375 for a 75 kWh pack. These estimates put EV battery replacement costs on par with replacing an internal combustion engine. J.D. Power says engine replacement can cost between US$-4,000 for a four-cylinder unit and more than US$-10,000 for a high-performance one. How those prices evolve down the line remains to be seen.As of today, replacing an EV battery can cost anywhere between US$-5,000 to US$-16,000, depending on the size of the pack and the vehicle's make and model. In most cases, you never even have to think about this for new cars. It's okay for most used EVs too, but experts recommend checking the health of a used pack before putting your money down.

Recurrent further said that owners may be able to offset battery replacement costs by reselling their used packs. As of today, a service shop usually keeps the used pack if it's replaced. It will then be refurbished or sold to another company to repurpose it for energy storage, backup power, or other uses. However, industry experts expect the used EV market to grow substantially down the line, with millions of used EV owners who may be able to negotiate the sale of their own packs if replacement is required. Recurrent projects this will offset the price of a new pack by a further US$-10-20 per kWh, depending on the size, chemistry and health.

**Inside EV**

ENERGY

# လျှပ်စစ်ပစ္စည်းများကို နှစ်ပေါင်းထောင်နဲ့ချီ စွမ်းအင်ပေးနိုင်မယ့် ကမ္ဘာ့ပထမဆုံးစိန်ဘက်ထရီ

ဘရစ္စတိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များနဲ့ ဗြိတိန်အဏုမြူစွမ်းအင်အာဏာပိုင်အဖွဲ့တို့က ကမ္ဘာ့ပထမဆုံးသော ကာဗွန်-၁၄ စိန်ဘက်ထရီကို အောင်မြင်စွာဖန်တီးထုတ်လုပ်လိုက်နိုင်ပါပြီ။

သူတို့ရဲ့ဖန်တီးမှုက စွမ်းအင်လောကကို တစ်ခေတ်ဆန်းသစ်သွားစေမှာ အမှန်ပါပဲ။ အကြောင်းရင်းကတော့ သူတို့ဖန်တီးလိုက်တဲ့ဘက်ထရီက လျှပ်စစ်ပစ္စည်းများကို နှစ်ပေါင်းထောင်နဲ့ချီပြီး စွမ်းအင်ပေးနိုင်စေမယ့်အတွက်ကြောင့်ပါပဲ။

ပညာရှင်များက ရေဒီယိုကာဗွန်နည်းနဲ့ သက်တမ်းများကိုဖော်ထုတ်ရာမှာသုံးတဲ့ ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်ဖြစ်သော ကာဗွန်-၁၄ ကို သူတို့ရဲ့ဘက်ထရီနည်းပညာမှာအသုံးပြုထားတာပါ။ အဲဒီဒြပ်စင်ကို ကမ္ဘာ့မာကျောဂုဏ်အမြင့်ဆုံးဖြစ်တဲ့ စိန်ထဲမှာမြှုပ်ထားတာကြောင့် ဘက်ထရီအနေနဲ့ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ပေးနိုင်စေဖို့ ဓာတ်ရောင်ခြည်ကိုဘေးကင်းမှုရှိစွာ ဖမ်းယူပေးနိုင်တာဖြစ်ပါတယ်။

သူ့ရဲ့အလုပ်လုပ်ပုံက ဆိုလာပြားတွေရဲ့ အလုပ်လုပ်ပုံနဲ့ဆင်တူသော်လည်း ဒီဘက်ထရီကကျတော့ အလင်းရောင်ကနေလျှပ်စစ်စွမ်းအင်ကိုပြောင်းလဲပေးတာမဟုတ်ဘဲ ကာဗွန်-၁၄ ရဲ့ ရေဒီယိုသတ္တိကြွအကြွင်းအကျန်များမှ လျင်မြန်စွာ ရွေ့လျားနေတဲ့ အီလက်ထရွန်များကို အသုံးပြုပြီး လျှပ်စစ်ထုတ်ပေးတာဖြစ်ပါတယ်။

Ref: IE
K.H



# နေရောင်ခြည်နဲ့ရေကို ဟိုက်ဒရိုဂျင်စွမ်းအင်သို့ ပြောင်းလဲပေးမယ့် နည်းပညာ

ဂျပန်သိပ္ပံပညာရှင်များက နေရောင်ခြည်နဲ့ရေကိုသုံးပြီး ဟိုက်ဒရိုဂျင်စွမ်းအင်သို့ပြောင်းလဲပေးမယ့် နည်းပညာတစ်ခုကိုတီထွင်ဖန်တီးလိုက်ပါတယ်။ ဒီနည်းပညာက ကုန်ကျစရိတ်လည်း ပိုပြီးသက်သာမယ်။ ပမာဏမှာ အလျှံပယ်လည်းရရှိမယ်။ ရေရှည်တည်တံ့ခိုင်မြဲမှုလည်းရှိစေမှာဖြစ်ပါတယ်။

လက်ရှိမှာ စွမ်းအင်ကဏ္ဍအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုအသုံးပြုလာနိုင်စေဖို့ ကြိုးပမ်းလုပ်ဆောင်နေတာပါ။ ဒီနေရာမှာ ဟိုက်ဒရိုဂျင်စွမ်းအင်က အဓိကကျတဲ့အခန်းကဏ္ဍကနေပါဝင်နေပါတယ်။

ရေကနေ ဟိုက်ဒရိုဂျင်နဲ့အောက်ဆီဂျင်ကိုခွဲထုတ်တဲ့နည်းပညာများစွာရှိပါတယ်။ ဒါပေမဲ့ ရှိနှင့်ပြီးသားနည်းပညာများက စွမ်းအင်သုံးစွဲမှုအလွန်များပြားတာကြောင့် တွက်ခြေမကိုက်တဲ့အခြေအနေရှိပါတယ်။

အခုဂျပန်သိပ္ပံပညာရှင်များ ဖန်တီးတီထွင်လိုက်တဲ့နည်းပညာက ရေကို ဟိုက်ဒရိုဂျင်နဲ့ အောက်ဆီဂျင်ဆိုပြီး ခွဲထုတ်နိုင်ဖို့ နေရောင်ခြည်ကိုအသုံးပြုထားတာဖြစ်ပါတယ်။ တကယ်လို့များ နေရောင်ခြည်မရှိတဲ့ညဘက်လိုအချိန်မှာဆိုရင် နေ့ခင်းကတည်းကရရှိတဲ့ နေရောင်ခြည်စွမ်းအင်ကို သိမ်းဆည်းထားခြင်းအားဖြင့် ဟိုက်ဒရိုဂျင်စွမ်းအင်ကို အချိန်မရွေးထုတ်ယူကာ အသုံးပြုနိုင်စေမှာဖြစ်တယ်လို့ သိပ္ပံပညာရှင်များကပြောထားပါတယ်။

Ref: IE
K.H




AUTOMOBILE

# ဂျာဂွါးက Type 00 လျှပ်စစ်ကားပုံစံကို ထုတ်ဖော်ပြသလာ



ဗြိတိန်ရဲ့ နာမည်ကျော်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ ဂျာဂွါးကလည်း လျှပ်စစ်သုံးယာဉ်ဈေးကွက်ဘက်ကိုခြေဦးလှည့်လာပါပြီ။ ဒီအတွက် သူတို့ရဲ့ပထမဆုံးသော လျှပ်စစ်ကားစိတ်ကူးပုံစံကို မကြာသေးမီက ထုတ်ဖော်ပြသလာတာတွေ့ရပါတယ်။ အဲဒီလျှပ်စစ်ကားကိုတော့ Type 00 ဆိုပြီး နာမည်ပေးထားတာပါ။

သူ့ရဲ့ပုံစံက ကျစ်ကျစ်လျစ်လျစ်ဖြစ်အောင်ဖန်တီးထားတာဖြစ်ပေမယ့်လည်း တကယ်တမ်းမှာတော့ သူ့ရဲ့နာမည်လှတဲ့ပြိုင်ကားများနဲ့ SUV ကားများထဲကနေ သိသိသာသာခွဲထွက်သွားတာကိုမြင်တွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ သူတို့အနေနဲ့ လာမယ့်နှစ်များစွာအတွင်းမှာ လျှပ်စစ်ကားအမျိုးမျိုးကိုထုတ်လုပ်သွားမှာဖြစ်တယ်လို့ထုတ်ပြန်ထားပါတယ်။ လက်ရှိမှာဆိုရင် သူတို့ရည်မှန်းထားတဲ့ လျှပ်စစ်ကားအမျိုးအစားက တစ်ခါအားသွင်းရုံနဲ့ မိုင် ၄၃၀ အထိသွားနိုင်စေမယ့် ကားမျိုးပါ။ ဒါ့အပြင် ၁၅ မိနစ်အမြန်အားသွင်းရုံနဲ့ မိုင် ၂၀၀ အထိသွားနိုင်စေဖို့အထိကိုလည်း ရည်မှန်းလုပ်ဆောင်နေတယ်လို့ဆိုထားပါတယ်။

Ref: AEV
K.H

# လျှပ်စစ်ကားဖြစ်လာမယ့် ဖို့(ဒ်)ရဲ့ ရောင်းအားအကောင်းဆုံး Puma SUV




Puma SUV ဆိုတာ ဖို့(ဒ်)မော်တော်ကားကုမ္ပဏီရဲ့ ရောင်းအားအကောင်းဆုံးကားတစ်စီးပါ။ အခုတော့ ဖို့(ဒ်)က သူ့ရဲ့ လျှပ်စစ်ကားဈေးကွက်ထဲကို လျှပ်စစ်စွမ်းအင်ကိုသာ အပြည့်အဝအသုံးပြုတဲ့ Puma Gen-E ကိုထည့်သွင်းပြီးမိတ်ဆက်လိုက်ပါပြီ။

သူ့ရဲ့ဒီဇိုင်းပိုင်းက Puma SUV နဲ့အတူတူဖြစ်ပေမယ့်လည်း မတူတာက ၄၃ ကီလိုဝပ်နာရီရှိတဲ့ဘက်ထရီကိုတပ်ဆင်ပေးလာတာဖြစ်ပါတယ်။ အဲဒီဘက်ထရီတပ်ဆင်ပေးထားမှုကြောင့် ၃၇၆ ကီလိုမီတာအထိသွားနိုင်စေမယ်လို့ ဆိုပါတယ်။

အခုခေတ်မှာ လျှပ်စစ်ကားအများစုက ရောက်ရှိနိုင်တဲ့အကွာအဝေးကို အဓိကကျတဲ့အချက်အနေနဲ့ ထည့်သွင်းစဉ်းစားပြီး ထုတ်လုပ်မှုတွေလုပ်လာနေတဲ့အတွက် ဖို့(ဒ်)ရဲ့ Puma Gen-E ကတော့ လျှပ်စစ်ကားချစ်သူများကို ဆွဲဆောင်နိုင်စွမ်းသိပ်မရှိပါဘူး။

ဒါပေမဲ့ သူ့ရဲ့ဒီဇိုင်းပိုင်းမှာအားသာတာတစ်ခုက ပစ္စည်းတွေထည့်ဖို့အတွက် နေရာဟာ ၅၇၄ လီတာအထိဆံ့တာဖြစ်ပါတယ်။ ဒီပမာဏက အကြီးစား SUV တွေထက်တောင်ပိုများနေပါတယ်။ Ref: AEV
K.H

# Avatr 11 မှာ EREV အမျိုးအစားပါရရှိလာ



Avatr ဆိုတာ တရုတ်မှမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Changan၊ CATL နဲ့ ဟွာဝေတို့ပူးပေါင်းထားတဲ့ လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီပါ။ အခုအဲဒီကုမ္ပဏီက Avatr 11 ကိုထုတ်လုပ်ထားတာ နည်းနည်းတော့ကြာပါပြီ။

အရင်က BEV အမျိုးအစားသာရရှိခဲ့ပေမယ့် အခု EREV အမျိုးအစားကိုပါရရှိလာပြီဖြစ်ပါတယ်။ BEV ဆိုတာ သာမန်အကွာအဝေးသာသွားနိုင်တဲ့အမျိုးအစားဖြစ်ပြီး EREV ကကျတော့ သာမန်ထက်ပိုဝေးတဲ့ခရီးကို သွားနိုင်တဲ့အမျိုးအစားဖြစ်ပါတယ်။

EREV က လျှပ်စစ်နဲ့ဓာတ်ဆီကိုပေါင်းစပ်အသုံးပြုတာဖြစ်ပြီး နှစ်ခုစလုံးအပြည့်နဲ့ဆိုရင် ၁၀၆၅ ကီလိုမီတာအထိသွားနိုင်စွမ်းရှိပါတယ်။

Ref: AEV
K.H

# သမ္မတကို ရာထူးမှဖြုတ်ချရန် တောင်ကိုရီးယားအတိုက်အခံပါတီများ အဆိုတင်သွင်း

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယို၏ အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ရုပ်သိမ်းခံလိုက်ရပြီးနောက် အတိုက်အခံပါတီများက သမ္မတကိုရာထူးမှဖြုတ်ချနိုင်ရန် လွှတ်တော်သို့ အဆိုတင်သွင်းကြောင်း သိရသည်။

ယွန်ဆက်ယိုက ဒီဇင်ဘာလ ၃ ရက် ညပိုင်းတွင် အရေးပေါ်စစ်အုပ်ချုပ်ရေးကို ကြေညာလိုက်သော်လည်း ထိုသို့ကြေညာပြီးနာရီပိုင်းအတွင်း လွှတ်တော်ကိုယ်စားလှယ်များက အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ကိုရုပ်သိမ်းကြောင်း မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒီဇင်ဘာလ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၃ မိနစ်တွင် အဓိကအတိုက်အခံပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီနှင့်ကျန်အတိုက်အခံပါတီငါးခုက သမ္မတကိုရာထူးမှဖြုတ်ချရေးအတွက် အဆိုတင်သွင်းမှု လုပ်ဆောင်ခြင်းဖြစ်သည်။

အဆိုတင်သွင်းမှုကို အတိုက်အခံလွှတ်တော်ကိုယ်စားလှယ် ၁၉၀ နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့က လက်မှတ်ရေးထိုးထားသည်။ ထိုအဆိုကို ဒီဇင်ဘာလ ၅ ရက်တွင် လွှတ်တော်၌ဆွေးနွေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာလ ၆ ရက် သို့မဟုတ် ၇ ရက်တွင် မဲခွဲဆုံးဖြတ်သွားမည်ဖြစ်သည်။

သမ္မတကိုရာထူးမှဖြုတ်ချနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်သုံးပုံနှစ်ပုံ၏သဘောတူညီချက်ရရှိရန်လိုအပ်ပြီး လက်ရှိတွင် ကိုယ်စားလှယ်အယောက် ၃၀၀ ရှိသည့် အမျိုးသားလွှတ်တော်၌ အတိုက်အခံများအနေဖြင့် အာဏာရပါတီလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦး၏ ထောက်ခံမဲကို လိုအပ်ကြောင်းသိရသည်။ Ref: Yonhap





# နယ်သာလန်အစိုးရက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းရန် စဉ်းစားနေ

**အမ်စတာဒမ်၊ ပြည်တွင်းရေး**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော နယ်သာလန်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးဌာနက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းရန် စဉ်းစားနေကြောင်း RTL သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာ့လုံခြုံရေးအခြေအနေများပျက်ယွင်းလာနေသောကြောင့် လာမည့်ငါးနှစ်မှ ၁၀ နှစ်အတွင်း နယ်သာလန်နိုင်ငံအနေဖြင့် ပဋိပက္ခတွင်ပါဝင်လာနိုင်သောကြောင့် စစ်မှုထမ်းဥပဒေကို ပြန်အသက်သွင်းရန် စဉ်းစားရခြင်းဖြစ်သည်ဟု RTL သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

ယခုပြန်အသက်သွင်းမည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် အချိန်ကာလအားဖြင့် ရှည်ကြာပြီး လုပ်ငန်းစဉ်မှာရှုပ်ထွေးမှုရှိမည်ဖြစ်ကြောင်း၊ သို့သော် အိမ်နီးချင်းရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် NATO တပ်ဖွဲ့ဝင်နိုင်ငံများက အလားတူဥပဒေကို ပြဋ္ဌာန်းသည်နှင့်တစ်ပြိုင်နက် နယ်သာလန်ကလည်း လိုက်ပါပြဋ္ဌာန်းမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ လက်ရှိတွင် ဂျာမနီ၊ ပြင်သစ်နှင့် ပိုလန်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်အသက်သွင်းရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။ Ref: RT



# အစ္စရေးက လက်ဘနွန်ကို ဘက်စုံစစ်ပွဲကြီးဆင်နွှဲရန်အသင့်ရှိဟုဆို

**ဂျေရုဆလင်၊ စစ်ရေး**

ဟစ်ဇဘိုလာအဖွဲ့အနေဖြင့် လက်ရှိရရှိထားသောအပစ်အခတ်ရပ်စဲရေးကို ပျက်စီးအောင်လုပ်ပါက အစ္စရေးကလက်ဘနွန်ကိုဘက်စုံစစ်ပွဲကြီးဆင်နွှဲရန် အသင့်ရှိနေကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကပြောသည်။

ထို့ပြင် အစ္စရေးတပ်မတော်အနေဖြင့်လည်း လိုအပ်လာပါက ဘက်စုံစစ်ပွဲကြီးဆင်နွှဲရန် အမိန့်ရရှိထားပြီးဖြစ်ကြောင်း နေတန်ယာဟုကဆက်ပြောသည်။ အလားတူဟစ်ဇဘိုလာတို့အနေဖြင့် ရရှိထားသည့်အပစ်အခတ်ရပ်စဲရေးကိုအသုံးချပြီး လူသူလက်နက်စုဆောင်းမှုများကို လုပ်ဆောင်လာနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ်ကပြောသည်ဟု Channel 14 သတင်းဌာနက ဒီဇင်ဘာလ ၄ ရက်တွင် ထုတ်ပြန်ထားသည်။ Ref: Sputnik

## သတင်းတိုကဏ္ဍ

# မူးယစ်ဆေးဝါးကုန်ကူးမှုအတွက် အိန္ဒိယရဲတပ်ဖွဲ့က စတားလင့်ကိုစုံစမ်းမေးမြန်းမည်

ပြီးခဲ့သည့်သီတင်းပတ်တွင် အန်ဒမန်နှင့်နီကိုဘားကျွန်းစုရှိ အိန္ဒိယရဲတပ်ဖွဲ့က ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးကုန်ကူးမှုအတွက် စတားလင့်ကုမ္ပဏီကိုစုံစမ်းမေးမြန်းမည်ဖြစ်ကြောင်းသိရသည်။

ကာလပေါက်ဈေး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို သယ်ဆောင်လာသူများသည် ပင်လယ်ပြင်အတွင်းသွားလာနိုင်စေရေးအတွက် စတားလင့်ဂြိုဟ်တုများ၏ အကူအညီကို ရယူခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယရဲတပ်ဖွဲ့ကထုတ်ပြန်ထားသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးကုန်ကူးမှုနှင့်ပတ်သက်၍ မည်သူကမည်သည့်အချိန်တွင် စတားလင့်အင်တာနက်စက်ကိုဝယ်ယူသွားသည်နှင့် ထိုစက်ကိုအသုံးပြုမှု၏မှတ်တမ်းများကို စတားလင့်ကုမ္ပဏီထံမှ တောင်းခံသွားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆက်ပြောသည်။

လက်ရှိတွင် အဆိုပါမူးယစ်ဆေးဝါးကုန်ကူးမှုသည် ဒေသတွင်းသာမက နိုင်ငံတကာအချိတ်အဆက်များရှိနေနိုင်သည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူများကပြောထားသည်။ Ref: RT

# ကွန်ဂိုနိုင်ငံ၌ အမျိုးအမည်မသိရောဂါကြောင့် လူအများအပြားသေဆုံး

ကွန်ဂိုနိုင်ငံ၌ဖြစ်ပွားလျက်ရှိသည့် တုပ်ကွေးကဲ့သို့သော အမျိုးအမည်မသိရောဂါကြောင့် သီတင်းပတ်နှစ်ပတ်အတွင်းမှာပင် လူအများအပြားသေဆုံးရသည်ဟု ဒေသတွင်းတာဝန်ရှိသူများကပြောသည်။

နိုဝင်ဘာလ ၁၀ ရက်မှ ၂၅ ရက်အတွင်း ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ သွေးအားနည်းခြင်း အစရှိသည့် ရောဂါလက္ခဏာများရှိသူ ဆေးရုံ၊ ဆေးခန်းများသို့ရောက်လာကြောင်း ဝမ်ဂိုပြည်နယ်ကျန်းမာရေးဝန်ကြီးကပြောသည်။

ထို့ပြင် ယင်းကဲ့သို့အမျိုးအမည်မသိရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ ၆၇ ဦးမှ ၁၄၃ ဦးအထိရှိကာ တာဝန်ရှိသူများက သေဆုံးသူဦးရေကိုဆက်လက်ကောက်ခံနေဆဲဖြစ်သည်။

ထို့ကြောင့် ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရေးအတွက် ပြည်သူများသတိရှိရှိဖြင့်နေထိုင်ရန်၊ အထူးသဖြင့် သေဆုံးသွားသူများကို ထိတွေ့ကိုင်တွယ်ခြင်းမပြုရန် တာဝန်ရှိသူများကသတိပေးထားကြောင်းသိရသည်။ Ref: RT

# ယူကရိန်းကျွမ်းကျင်သူများက ဆီးရီးယားရှိ အကြမ်းဖက်သမားများကို ဒရုန်းအသုံးပြုနည်းသင်ပေး

ယူကရိန်းနိုင်ငံမှ ကျွမ်းကျင်သူများက ဆီးရီးယားနိုင်ငံရှိ အကြမ်းဖက်သမားများကို ဒရုန်းအသုံးပြုနည်းသင်ပေးခြင်းဖြစ်သည်ဟု ဆီးရီးယားရှိ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီတစ်ခုကပြောသည်။

ဆီးရီးယားစစ်သွေးကြွများကို ပြည်ပမှကျွမ်းကျင်သူများက ဒရုန်းအသုံးပြုနည်းသင်တန်းပေးသည်မှာ ရာနှုန်းပြည့်သေချာကြောင်း၊ ထိုစစ်သွေးကြွများအနေဖြင့် ယူကရိန်းကအသုံးပြုသည့် နည်းဗျူဟာအတိုင်း ဒရုန်းများကိုအသုံးပြုနေခြင်းဖြစ်ကြောင်း ယင်းကုမ္ပဏီမှဒရုန်းကျွမ်းကျင်ကိုယ်စားလှယ်တစ်ဦးကပြောသည်။

ထို့ပြင် ဆီးရီးယားမှအကြမ်းဖက်သမားများသည် ညဘက်တွင် အသေခံဒရုန်းများကိုအသုံးပြုနေခြင်းဖြစ်ကြောင်း၊ ထိုဒရုန်းများတွင် ညကြည့်ကင်မရာများ သို့မဟုတ် အပူငွေ့ရှာပုံရိပ်ဖော်ကိရိယာများ တပ်ဆင်ထားကြောင်း ၎င်းကဆက်ပြောသည်။ ထိုသို့သောနည်းဗျူဟာများကို ရုရှားနှင့်စစ်ဆင်နွှဲနေသော ယူကရိန်းစစ်ဘက်ကအသုံးပြုနေခြင်းဖြစ်ကြောင်း သိရသည်။ Ref: Sputnik

# တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ကင်ယုံဟွန်း ရာထူးမှနုတ်ထွက်

တောင်ကိုရီးယားနိုင်ငံ၌ ခေတ္တမျှ ဆူပူပွက်လောရိုက်မှုများကို ဖြစ်ပေါ်စေခဲ့သည့် သမ္မတ၏အရေးပေါ်စစ်အုပ်ချုပ်ရေးကြေညာမှုနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီး ကင်ယုံဟွန်းကရာထူးမှနုတ်ထွက်ကြောင်း ဒီဇင်ဘာလ ၄ ရက်တွင်ကြေညာသည်။

သမ္မတအနေဖြင့် အရေးပေါ်စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ရန် ကာကွယ်ရေးဝန်ကြီးကအကြံပေးခြင်းဖြစ်သည့်အတွက် ဖြစ်သမျှကိစ္စများနှင့်ပတ်သက်၍ ၎င်းတွင်သာတာဝန်ရှိကြောင်းနှင့် ယင်းအတွက်ကြောင့် ရာထူးမှနုတ်ထွက်ကြောင်း ကင်ယုံဟွန်းကပြောသည်။

ထို့ပြင် စစ်အုပ်ချုပ်ရေးအမိန့်ကိုထုတ်ပြန်ပြီးနောက် ထိုအမိန့်အတိုင်းလိုက်ပါအကောင်အထည်ဖော်ရသော စစ်သည်တစ်ဦးချင်းစီသည် ၎င်းတို့အားပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်းသာဖြစ်ကြောင်းနှင့် စစ်အုပ်ချုပ်ရေးအမိန့်ကိုရုပ်သိမ်းလိုက်သော်လည်း ပြည်တွင်းရှိနိုင်ငံရေးနှင့်လုံခြုံရေးအခြေအနေသည် လွယ်ကူမှုမရှိကြောင်း ကင်ယုံဟွန်းကပြောထားသည်။ Ref: RT

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မင်္ဂလာဇမ္ဗူဟာသာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးနှင့် ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးဌာနစိတ်မှတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယခုနှစ် “ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့” ဆောင်ပုဒ်ဖြစ်သည့် "Take the rights path" “အေအိုင်ဒီအက်စ်ကင်းဝေးဖို့၊ သာတူညီမျှ အလေးပေးလို့၊ အားလုံးဝိုင်းဝန်းပံ့ပိုးစို့”ဟူသော ဆောင်ပုဒ်နှင့်အညီ အိပ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများကို လက်လှမ်းမီရန်ခက်ခဲသော ဦးတည်အုပ်စုများအပါအဝင် အိပ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်းသာတူညီမျှ လက်လှမ်းမီရရှိရန်အတွက် ဦးတည်အုပ်စုဝင်များ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများအပါအဝင် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့်ပိုစတာပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြခန်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု ဘဲကုန်းကျေးရွာရှိ ကွင်းအမှတ် ၁၆၂၃တောင်သူ ဦးပြည့်ဝ၏ ၁ ဒသမ ၅ ဧကတွင် လယ်ယာထွန်စက်နောက်ဆွဲအစေ့ချကိရိယာများဖြင့် ဆင်းရှေကြာ(၂)နေကြာမျိုးကို မျိုးစေ့ချစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးပြီး တောင်သူများနှင့်တွေ့ဆုံကာ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး၊ သီးနှံစိုက်ဧကအားတိုးတက်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မျိုးကောင်းမျိုးသန့်များအသုံးပြုရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။ (၅၀၀)

# စိုက်ပျိုးထုတ်ကုန်များ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီစေရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၄


ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၄) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပိုးသတ်ဆေး နည်းပညာကော်မတီအဖွဲ့ခေါင်းဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးထုတ်ကုန်များအထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးအတွက် ပိုးမွှားကာကွယ်ရေး လုပ်ငန်းများတွင် အရေးပါသည့် ပိုးသတ်ဆေးများ အရည်အသွေးပြည့်မီရေး၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေးနှင့် စားသုံးသူ ဘေးကင်းလုံခြုံရေးအတွက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က ထိန်းကျောင်းကြပ်မတ်ပြီး ပိုးသတ်ဆေးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာမှုမရှိသူများ၊ ဖောက်ဖျက်ကျူးလွန်သူများ လျော့နည်းပပျောက်သွားသည်အထိ ပိုးသတ်ဆေးဥပဒေ ဥပဒေလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ထားသည့်အတိုင်း အရေးယူဆောင်ရွက်မှုများ တိတိကျကျဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အတွင်းရေးမှူးက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏(၄၄)ကြိမ်မြောက်အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၄၆ မျိုးအား မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရေး တင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးဆောင်ရွက်ကြသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၃)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေးစုစုပေါင်း ၄၂၈၇ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၅၀၀)



# မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ

မကွေး ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးစိုးမြင့်အေးက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်သည့် အချက်အလက်များအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မိုးက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မကွေးမြို့အား ပလတ်စတစ်ကင်းစင်သည့် မြို့တစ်မြို့အဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများကို ဆုပေးအပ်ချီးမြှင့်နိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် မကွေးတိုင်းဒေသကြီးအတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော(နေရာဒေသ) ကျေးရွာဆု ချီးမြှင့်နိုင်ရေး ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး ပဉ္စမအကြိမ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၏ အဆိုပြုဆုံးဖြတ်ရန်အချက်များကို တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေက ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သယံဇာတရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ဆန်းဦး**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံကိန်း၊ စက်ရုံနှင့်စက်မှုသင်တန်းကျောင်းများသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကွင်းဆင်းကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၄

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဒီဇင်ဘာလ ၂ ရက်နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိအမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ) သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံရာ စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ်များထူထောင်ထားရှိရန်နှင့် ဈေးကွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်မှာကြားကာ ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဖော်ဆောင်လျက်ရှိသည့် မကွေးစက်မှုဇုန်သို့ရောက်ရှိပြီး မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးက စက်မှုဇုန်ဖော်ဆောင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။


ယင်းနောက် အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)သို့ရောက်ရှိပြီး မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း ကာလတိုအခြေပြု ၃ လသင်တန်းအလုပ်ရုံခန်းမ၌ သင်တန်းဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သင်တန်းကျောင်းမှ နည်းပြဆရာ၊ ဆရာမများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုတင်လေ့လာဆည်းပူး၍ သင်တန်းသားများကို အမှန်တကယ်တတ်မြောက်အောင်သင်ကြားပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၂၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၁၀၂၄၈၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၄၄၆၆၄) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၇၄၄၇၁၄၄)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် **ဒီဇင်ဘာလ ၃ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဈေးအတွင်း တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း(၈)မျိုး၊



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

စားသောက်ကုန်ပစ္စည်း(၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်၊ မြောင်းကြီးကျေးရွာ၌ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်၊ ၃၉ မိုင် ၀ ဖာလုံ၌ တောင်ကြီးမြို့မှ


မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၇၈၄၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၄၈၇၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၈၁၇၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head (၁)စီးနှင့်နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၅၆၆၅၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၇၂၅၆၇၉၄)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာလ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Win Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အောင်မေတ္တာရပ်ကွက်နေ ဝင်းနိုင်အား မွန်းလွဲ ၂ နာရီတွင် သံဖြူဇရပ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကလေးဝမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လှုံ့ဆော်ဝါဒဖြန့်

**နေပြည်တော် ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးဝမြို့နယ်၊ မထုကြီးကျေးရွာနှင့်မထုလေးကျေးရွာတို့ကို ဒီဇင်ဘာလ ၁ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုကြောင့် ပြည်သူ ၃ ဦး သေဆုံးပြီး ၄ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့တွင် မထုကြီးကျေးရွာအနီးဝန်းကျင်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦးမှ လျှို့ဝှက်စွာသတင်းပေးပို့ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို မဟုတ်




မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လိုက်ပဇစ်အသင်းက နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကို ခန့်အပ်ရန် ဆွေးနွေးမှုများပြုလုပ်



ဘာလင် ဒီဇင်ဘာ ၄

ဂျာမန်ကလပ် လိုက်ပဇစ်အသင်းက အသင်းရလဒ်ပိုင်းများ မတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြတန်ဟတ်ကိုခန့်အပ်ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လိုက်ပဇစ်အသင်းသည် နောက်ပိုင်းပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားလျက်ရှိပြီး ပြိုင်ပွဲစုံနောက်ဆုံးကစားသည့် ခြောက်ပွဲတွင် ငါးပွဲရှုံးနိမ့်ကာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နိုင်ပွဲပျောက်ဆုံးနေသည့်အတွက် လိုက်ပဇစ်အသင်းတာဝန်ရှိသူများက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းသည် လက်ရှိနည်းပြ မာကိုရို့စ်ကို ၂၀၂၂ ခုနှစ်က ခန့်အပ်ထားပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဆင့်(၄) နေရာ၌ရပ်တည်နိုင်ကာ ချန်ပီယံလိဂ် ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များမတည်မငြိမ်ဖြစ်နေပြီး ပြီးခဲ့သည့် အိမ်ကွင်းပွဲစဉ်၌ ဝုဖ်ဘတ်အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲစုံ ခြောက်ပွဲဆက်နိုင်ပွဲပျောက်ဆုံးပြီးနောက် နည်းပြ အပြောင်းအလဲလုပ်ဆောင်ရန်အတွက် ကြိုးပမ်းနေပြီး နည်းပြသစ်အဖြစ် တန်ဟတ်ကိုခန့်အပ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အသက် ၅၄ နှစ်အရွယ် နည်းပြတန်ဟတ်သည် ပြီးခဲ့သည့်အောက်တိုဘာလ ၂၇ ရက်က မန်ယူအသင်းက ဝက်စ်ဟမ်းအသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် မန်ယူအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် လက်ရှိအချိန်ထိ မည်သည့်အသင်းကိုမျှ တာဝန်ယူခြင်းမရှိသေးဘဲ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

တန်ဟတ်သည် မန်ယူအသင်းတွင် အောင်မြင်မှုမရရှိခဲ့သော်လည်း အေဂျက်အသင်းကို တာဝန်ယူကိုင်တွယ်စဉ်က အသင်းကို ထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့ပြီး အောင်မြင်မှုများရယူပေးနိုင်ခဲ့သည့်အတွက် လိုက်ပဇစ်အသင်းက နည်းပြသစ်ခန့်အပ်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Football*

# အယ်ဟီလယ်အသင်းက ခံစစ်ကစားသမား ကူလီဘာလေကို စာချုပ်ဖျက်သိမ်းရန်ကြိုးပမ်းနေ

ရီယက် ဒီဇင်ဘာ ၄

ဆော်ဒီထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်ဟီလယ်အသင်းက အသင်းမှ ဝါရင့်ခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ကူလီဘာလေနှင့် စာချုပ်ဖျက်သိမ်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ကူလီဘာလေသည် ၂၀၂၃ ခုနှစ် ဇူလိုင်လက ချယ်လ်ဆီးအသင်းမှ အယ်ဟီလယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ အထိပါဝင်ကစားပေးခဲ့ကာ အယ်ဟီလယ်အသင်း ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ကူလီဘာလေနှင့် အယ်ဟီလယ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ် ဇွန်လအထိ ကျန်ရှိနေသေးသော်လည်း အယ်ဟီလယ်အသင်းက အသင်းတွင် ထိပ်တန်းကစားသမားများကို မြင့်မားသည့် လုပ်ခလစာများပေးချေနေရသည့်အတွက် လုပ်ခလစာမြင့်မားသော ကစားသမားတစ်ဦးဖြစ်သည့် ကူလီဘာလေနှင့် စာချုပ်ဖျက်သိမ်းရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

ကူလီဘာလေသည် အယ်ဟီလယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၆၈ ပွဲ ပါဝင်ကစားပေးထားသူဖြစ်ကြောင်း သိရသည်။

*Ref;Goal*

# အသင်းတိုက်စစ်ပိုင်းအတွက် လီဗာပူးအသင်းတိုက်စစ်ကစားသမား ဆာလက်ချ်ကိုခေါ်ယူရန် အစီအစဉ်မရှိကြောင်း ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လိုင်ဖီအတည်ပြု

ပဲရစ် ဒီဇင်ဘာ ၄

ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လိုင်ဖီက အသင်းတိုက်စစ်ပိုင်းအတွက် လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တိုက်စစ်ကစားသမား ဆာလက်ချ်ကို ခေါ်ယူရန်အစီအစဉ်မရှိဘဲ ဆာလက်ချ်နှင့်ပတ်သက်ပြီး ထွက်ပေါ်နေသည့် အပြောင်းအရွှေ့သတင်းများမှာ သတင်းအမှားများသာဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ထိပ်တန်းကစားသမားတစ်ဦးဖြစ်သည့် အမ်ဘတ်ပီကို ရီးယဲလ်မက်ဒရစ်အသင်းထံ လက်လွှတ်ခဲ့ရပြီးနောက် ၎င်း၏နေရာ၌ ထိပ်တန်းကစားသမားတစ်ဦးနှင့် အစားထိုးနိုင်ခြင်းမရှိခဲ့ဘဲ ယခုဘောလုံးရာသီအကုန်တွင် ဆာလက်ချ်ကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်ဟု ပြီးခဲ့သည့်ရက်ပိုင်းက သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အသင်းဥက္ကဋ္ဌ အယ်လိုင်ဖီက ဆာလက်ချ်နှင့်ပတ်သက်သည့် အပြောင်းအရွှေ့သတင်းများကို ငြင်းဆိုထားကြောင်း သိရသည်။

ဆာလက်ချ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးတိုက်စစ်ကစားသမားများထဲတွင် တစ်ဦးအပါအဝင်အဖြစ် ရပ်တည်နေသူဖြစ်သည်။

လီဗာပူးအသင်းနှင့် ဆာလက်ချ်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိအချိန်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# မန်ယူအသင်းက လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ယူရို သန်း ၆၀ ရရှိပါက ဒါလော့ကိုရောင်းချမည်

မန်ချက်စတာ ဒီဇင်ဘာ ၄

မန်ယူအသင်းက အသင်းမှ တောင်ပံကစားသမား ဒါလော့ကို လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ဒါလော့သည် ၂၀၁၈ ခုနှစ်က ပေါ်တိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတန်ဟတ်လက်အောက် အသင်းညာတောင်ပံနေရာ၌ အဓိကကစားသမားအဖြစ် ခြေစွမ်းပြနိုင်သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပိုင်းကျဆင်းလာသည့်အတွက် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းနည်းပြသစ် အမိုရင်လက်အောက်တွင် အသင်းညာတောင်ပံနေရာ၌ မာဇာရာဝီသည် ဒါလော့ထက် ခြေစွမ်းပိုင်းကောင်းမွန်နေပြီး ဒါလော့အနေဖြင့် နည်းပြအမိုရင်၏ ကစားကွက်နှင့်နည်းစနစ်ပိုင်းတွင် အဆင်မပြေသည့်အတွက် မန်ယူအသင်းက ပြန်လည်ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းက လီဗာပူးအသင်းမှ အာနိုးကိုခေါ်ယူရန် စီစဉ်နေသော်လည်း အာနိုးကို ခေါ်ယူနိုင်ခြင်းမရှိခဲ့ပါက ဒါလော့ကို ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

*Ref;Eurosport*




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# တောင်ကြီးပညာရေးဒီဂရီကောလိပ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ



တောင်ကြီး ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇခန်းမ၌ တောင်ကြီးပညာရေးဒီဂရီကောလိပ် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အရည်အသွေးပြည့်ဝသည့်ဆရာကောင်းများ ပေါ်ထွက်လာစေရေးအတွက် ဆရာအတတ်ပညာဌာနများက စနစ်တကျလေ့ကျင့်ပေးနိုင်ရန် အရေးကြီးကြောင်း၊ ဆရာအတတ်ပညာအရည်အသွေးပြည့်ဝသော ဆရာများ မွေးထုတ်ပေးနိုင်အောင် ပညာရေးဒီဂရီကောလိပ်များ၌ (ပထမနှစ်မှ စတုတ္ထနှစ်အထိ) လေးနှစ်သင်ကြားရမည့် သင်ရိုးသစ်များကို အခြေခံပညာသင်ရိုးသစ်များနှင့် အံဝင်ခွင်ကျဖြစ်သည်အထိ ပညာရှင်များစွာနှင့် နိုင်ငံတော်အဆင့်ရေးဆွဲပြီး သင်တန်းများတွင် လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ လေးနှစ်သင်တန်းပြီးဆုံးသည့်အခါ B.A / B.Sc (Education) ဘွဲ့ပေးအပ်ပြီး အလယ်တန်းပြဆရာအဖြစ် ခန့်အပ် တာဝန်ပေးမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်သည့် ဆရာကောင်းများဖြစ်အောင် ကြိုးစားလေ့ကျင့်သင်ကြားကြရန် အထူးတိုက်တွန်းလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာမိမိက လေးနှစ်သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းသား၊ ကျောင်းသူများက တစ်နေ့တာလှုပ်ရှားမှုမှသည် တစ်နှစ်တာဆီသို့ ခေါင်းစဉ်ဖြင့် သရုပ်ပြသကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ငွေကျပ်သိန်း ၃၀ ပံ့ပိုးပေးအပ်ရာ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာမိမိက လက်ခံရယူခဲ့ကြောင်း သိရသည်။

(၄၀၅)

# ဂေါ်ရင်ဂျီကျွန်းသို့ နိုဝင်ဘာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၁၂၀၀ ကျော် လာရောက်လည်ပတ်



ငပုတော ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာရှိ ဂေါ်ရင်ဂျီကျွန်းသို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၁၂၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ပုသိမ်ရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဂေါ်ရင်ဂျီကျွန်းသို့ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်ဒေသများမှ ခရီးသွားဧည့်သည်များနှင့် ဂေါ်ရင်ဂျီကျွန်းအနီးဝန်းကျင်ရှိ မြို့၊ ရွာများမှ ဒေသခံပြည်သူများ အများဆုံးလာရောက်လည်ပတ်ကြကြောင်း သိရသည်။

"ဂေါ်ရင်ဂျီကျွန်းကိုလာတဲ့ ခရီးသွားဧည့်သည်တွေ အများဆုံးစိတ်ဝင်စားတဲ့နေရာတွေကတော့ လိပ်ချိုင်ကမ်းခြေ၊ ပန်းကန်ကျွန်း၊ စပါးထားကျွန်း စတဲ့နေရာတွေပါ။ အဲဒီနေရာတွေမှာ ခရီးသွားဧည့်သည်တွေက ရေကူးတာ၊ ငါးမျှားတာ၊ လမ်းလျှောက်တာနဲ့ အလှဓာတ်ပုံရိုက်ကူးတာတွေ ပြုလုပ်ကြပါတယ်" ဟု ၎င်းက ပြောသည်။

ဂေါ်ရင်ဂျီကျွန်းသို့ လာရောက်လည်ပတ်သောခရီးသွားဧည့်သည်များ ပျော်ရွှင်စေရန် ညဘက်တွင် မီးပုံပွဲများပြုလုပ်ပေးခြင်း၊ လုံခြုံရေးအတွက် ဆောင်ရွက်ပေးထားခြင်း၊ ရေကူးသောနေရာများတွင် အန္တရာယ်မဖြစ်စေရန် အတားအဆီးများ ကာရံထားခြင်းတို့ ဆောင်ရွက်ထားကြောင်း၊ လက်ရှိတွင် ဂေါ်ရင်ဂျီကျွန်းနှင့်အနီးဝန်းကျင်၌ တည်းခိုခန်း ခြောက်ခု၊ ဘန်ဂလိုငါးခုနှင့် ဟိုတယ်တစ်ခု ဖွင့်လှစ်ထားကြောင်း သိရသည်။

**ဆောင်းဦး**

# ညောင်ရွှေမြို့နယ် ဟဲလုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ဟဲလုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဟဲလုံကျေးရွာ၌ သစ်သားမီးတိုင်မှ ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဟဲလုံကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂၂၅၂၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလတတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# စစ်ကိုင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

စစ်ကိုင်း ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဒီဇင်ဘာလ ၃ ရက်က စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဒီဇယ်)၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေးရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များကို ပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက အနာဂတ်တွင် နိုင်ငံတော်မှ အားထားရမည့် ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရန်၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက ဖန်တီးကြရန် စသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါဟောပြောပွဲတွင် စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

**အမည်ပြောင်း**

ပဲခူးမြို့နယ်၊ အင်းတကော်မြို့၊ တောင်ကြီးကွဲကျေးရွာနေ အဘ ဦးတင်အောင်၏သမီး ဒေါ်သန်းသန်းမူ ၇/ပခန(နိုင်)၀၉၃၃၅၇ အား ဒေါ်ခင်သန်းမူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဒေါ်ခင်သန်းမူ**

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ ဆွန်နေ်ခမ်းကျေးရွာနေ အ.ထ.က(၂) Grade-9(A) မှ မလန်စောမေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင်ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

**ပျောက်ဆုံးကြောင်း**

ဝင်းဇော်(ဘ)ဦးဝင်းဆွေ ၇/ဖမန(နိုင်)၀၁၂၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၀၇၄၀၀၀**

**ပျောက်ဆုံးကြောင်း**

စန်းစန်းမြင့်စိန်(ဘ)ဦးထွန်းစိန် ၅/မရန(နိုင်)၀၈၉၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၁၇၀၂၉၈**

**ပျောက်ဆုံးကြောင်း**

အေးမြင့်စိန်(ဘ)ဦးထွန်းစိန် ၅/မရန(နိုင်)၀၉၁၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၂၃၈၈၃၃**

**ပျောက်ဆုံးကြောင်း**

မော်လမြိုင်မြို့၊ (၆)မိုင်ရပ်နေ မောင်ကောင်းဆက်ဟိန်း(ဘ)ဦးအောင်သစ်လွင် ၁၀/မလမ(နိုင်)၂၈၄၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၅၄၃၄၃၂၄**

**မိဘအမည်မှန်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ထ(ခွဲ)အလက(၂)၊ Grade-12 မှ မောင်ကျော်မင်းခန့်၏ မိဘအမည်မှန်မှာ ဦးဝင်း ၉/တသန(နိုင်)၀၄၁၉၁၄ +ဒေါ်ခင်မာရွှေ ၁၃/ကလန(နိုင်)၀၈၆၃၇၀ ဖြစ်ပါကြောင်း။ **ဦးဝင်း+ဒေါ်ခင်မာရွှေ**

**မိခင်အမည်မှန်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ထ(ခွဲ)အလက(၂)၊ Grade-12 မှ မလင်းလဲ့လဲ့ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဝင်းမာ ၁၃/ကလန(နိုင်)၁၀၂၁၂၇ ဖြစ်ပါကြောင်း။

**ဒေါ်ဝင်းမာ**

**မိခင်အမည်မှန်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ထ(ခွဲ)အလက(၂)၊ Grade-12 မှ မစုနိုင်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ချစ်စပယ် ၁၃/ကလန(နိုင်)၀၃၁၇၆၀ ဖြစ်ပါကြောင်း။

**ဒေါ်ချစ်စပယ်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်၊ ဒလမြို့နယ်၊ မြသီတာပန်းခြံရှိ မြေဧရိယာ ၆၁၇၇.၆၄ စတုရန်းမီတာ(၁.၅၂၆ ဧက) မြေပေါ်တွင် မော်တော်ယာဉ် ဝင်၊ ထွက် ရပ်နားကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်ထိ(တစ်နှစ်သက်တမ်း) အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံနှင့်စည်းကမ်းချက် ဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် | - | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ရုံးဖွင့်ရက် ၀၉၃၀ နာရီမှ ၁၆၃၀ နာရီထိ |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့် နောက်ဆုံးနေ့ရက်နှင့်အချိန် | - | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် (၁၆၀၀)နာရီတိတိ |
| ၄။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန် | - | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၄၀၀)နာရီ |
| ၅။ | တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့် အချိန် | - | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် (၁၄၃၀)နာရီ |
| ၆။ | တင်ဒါပုံစံတန်ဖိုး | - | ကျပ် ၁၀၀,၀၀၀(ကျပ်တစ်သိန်းတိတိ) |
| ၇။ | တင်ဒါပုံစံဝယ်ယူနိုင်သည့်နေရာ | - | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၉-၂၀၃၅၇၃၀၊ ၀၉-၂၆၀၅၀၅၈၇၃၊ ၀၉-၉၆၆၉၄၀၉၄၄ များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့်စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ/ကတ္တရာ/ Thermoplastic(အဖြူ) | ၃၅၆၀၀၀ အိတ်/ ၄၂၀ တန်/ ၂၀၀ တန် |
| (ခ) | မြစ်ကျောက်စရစ်/မြစ်သဲကြမ်း | ၁၈၀၀ ကျင်း/ ၉၀၀ ကျင်း |
| (ဂ) | လိပ်သဲကျောက် ၆" x ၉" / ၂"x ၄" | ၈၂ ကျင်း/ ၁၀၀ ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၂-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၁၈-၁၂-၂၀၂၄ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း အမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

**ဖခင်အမည်မှန်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ထ(ခွဲ)အလက(၂)၊ Grade-12 မှ မအိသန္တာနိုင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၀/ကထန(နိုင်)၁၁၁၅၆၁ ဖြစ်ပါကြောင်း။

**ဦးကိုကိုနိုင်**

**ဖခင်အမည်မှန်**

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ထ(ခွဲ)အလက(၂)၊ Grade-12 မှ မအေးမြဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းချောင် ၁၃/ကလန(နိုင်)၀၉၀၀၈၇ ဖြစ်ပါကြောင်း။

**ဦးထွန်းချောင်**

## မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း/အထွေထွေပိုလျှံ/ဖြည့်စွက်) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ(၂၅၀၀၀၀)ဂါလန်ခန့်အား ၄-၁၂-၂၀၂၄ ရက်နေ့မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၂၆ ဘီလမ်း၊ ၇၀x၇၁ လမ်းကြား၊ ဆည်မြောင်းဥယျာဉ်ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် ၄-၁၂-၂၀၂၄ ရက်နေ့မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာရယူရမည့်ရက် | - | ၄-၁၂-၂၀၂၄ မှ ၁၈-၁၂-၂၀၂၄ |
| ( ခ ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - | ၁၈-၁၂-၂၀၂၄ ရက်၊ (၁၆:၃၀)နာရီ |
| ( ဂ ) | တင်ဒါဖွင့်မည့်ရက် | - | ၂၀-၁၂-၂၀၂၄(ခန့်မှန်း) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - | ၂၆ ဘီလမ်း၊ ၇၀x၇၁ လမ်းကြား၊ ဆည်မြောင်းဥယျာဉ်ရိပ်သာ၊ မန္တလေးမြို့ |

**သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ ရုံးသုံးစာရေးကိရိယာ Paper A4(100g)၊ ဆေးပစ္စည်း(၆)မျိုးနှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် Fogging Machine အရေအတွက်(၈၀)ခုနှင့် Grass Cutter အရေအတွက်(၆၃)ခုတို့အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.16.Stationery(2024–2025) |
| | - | Tender.17.Medical Supplies(2024–2025) |
| | - | Tender.18.Equipment(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၆-၁၂-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၉-၁၂-၂၀၂၄ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျော်သူရစိုး(ဘ)ဦးစိုးလွင် ၁၄/ဟကက(နိုင်)၀၃၅၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

ဒေါ်ရွှေမိ(ဘ)ဦးဘုတ် ၃/ကကရ(နိုင်)၀၁၁၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 029871)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

ကေသွယ်မိုး(ဘ)ဦးသန်းဌေး ၁၂/ထတပ(နိုင်)၁၀၈၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၉၄၉၅၁၈၀**

**အမည်မှန်**

မုဒုံမြို့၊ DTM ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ Grade-11 မှ နန်းအိသံဇဉ်ဦး၏အမည်မှန်မှာ နန်းအိသံစဉ်ဦးဖြစ်ပါကြောင်း။ **နန်းအိသံစဉ်ဦး**

**အမည်မှန်**

ဘားအံမြို့၊ အ-ထ-က(၃)၊ Grade-11မှ မောင်ဆလိုင်းရှောလမွန် ၁၂/လယန(နိုင်)၀၂၂၇၁၆ ၏အမည်မှန်မှာ ဆလိုင်းရှောလမုန်ဖြစ်ပါကြောင်း။

**ဆလိုင်းရှောလမုန်**

**ပျောက်ဆုံးကြောင်း**

မျိုးဝင်း(ဘ)ဦးအောင်မြင့်ရွှေ၈/တတက(နိုင်)၁၈၆၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ဦးငွေထွန်း(ဘ)ဦးစိန်ကုလား ၈/ဆပဝ(နိုင်)၀၇၉၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

မင်းသူ(ဘ)ဦးခင်အေး ၁၄/ဒဒရ(နိုင်)၁၉၆၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 865583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၇၀၁၄၇၈၀**

**အမည်ပြောင်း**

အထက(၁၀)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-4 မှ ဦးကျော်ကျော်ခိုင် ၁၄/ပသန(နိုင်)၁၈၅၉၆၈ ၏သမီး မသူဇာခိုင်အား မသွန်းရတီကျော်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မသွန်းရတီကျော်**

**ပျောက်ဆုံးကြောင်း**

ချိန်ရှောက်ရှင်း(ဘ)ဦးချိန်ရှီတာ ၁၃/လရန(နိုင်)၀၅၆၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 240188)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၃၈၇၄၃၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ရွာသာယာရပ်ကွက်၊ ရွာသာယာလမ်း၊ အမှတ်(၇)အလျား(၇၆)ပေ အနံ(၁၂၇)ပေအကျယ်ရှိ အိမ်ခြံမြေနှင့်ယင်းအိမ်ခြံမြေပေါ်မှ ရရှိလာသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဒေါ်စန်းဝေ ၁၄/ပသန(နိုင်)၀၆၅၃၇၃ ထံမှ မနန်းဝင်းဝင်းထွန်း ၁၄/ပသန(နိုင်)၂၇၅၅၉၅ နှင့် မမေသူမြင့် ၁၄/ပသန(နိုင်)၂၄၀၂၁၇ တို့မှ ၁၆-၁၀-၂၀၂၄ ရက်နေ့တွင် ဝယ်ယူပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက်အထားခိုင်မာစွာဖြင့် ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနန်းဝင်းဝင်းထွန်းနှင့် မမေသူမြင့်**

**ပျောက်ဆုံးကြောင်း**

ထင်ကျော်(ဘ)ဦးအုန်းမောင် ၈/နမန(နိုင်)၁၄၅၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 924990)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၃၅၀၂၉၃**

**ပျောက်ဆုံးကြောင်း**

ဝင်းမော်(ဘ)ဦးတင်လှ ၁၂/ကမန(နိုင်)၁၀၂၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 668870)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉၈၅၄၀၆၉**

**ပျောက်ဆုံးကြောင်း**

မဘေဘီဟန်(ဘ)ဦးသိန်းငွေ ၁၂/ဥကမ(နိုင်)၂၂၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၁၁၇၇၇၄၀**

**ပျောက်ဆုံးကြောင်း**

မျိုးနေဇာ(ဘ)ဦးကျော်ရီ ၁၂/ခရန(နိုင်)၁၁၁၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၉၆၅၄၈၃၅**

**အများသိစေရန်ကြေညာခြင်း**

ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့နေ အဘ ဦးဝင်းစိန်၏သမီး ကျွန်မ မကေခိုင်ဝင်း ၁၀/ကထန(နိုင်)၁၀၈၂၆၈ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ အဘ ဦးနိုင်လင်း၏သား ကိုစိုင်းနေဇာလင်း ၁၂/ရပသ(နိုင်)၀၅၇၆၁၄ တို့သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီလာညွှန့် ရှေ့မှောက်တွင် ၃-၁၀-၂၀၂၂ ရက်က အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ကိုစိုင်းနေဇာလင်းနှင့်ပတ်သက်သောကိစ္စအဝဝသည် ကျွန်မ မကေခိုင်ဝင်းနှင့်မည်သို့မှ မသက်ဆိုင်တော့ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မကေခိုင်ဝင်း(၁၀/ကထန(နိုင်)၁၀၈၂၆၈)**

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ(၅)၊ အောင်ချမ်းသာလမ်း၊ ဦးပိုင်အမှတ်(၁၀၅)၊ မြေကွက်အမှတ်(၉၉)နေ ဦးအောင်ရဲကျော်(၉/မထလ(နိုင်)၃၃၀၆၅၅)ကိုင်ဆောင်သူမှ(အလျား ၈၀'-၀")အုတ်ခြံစည်းရိုးကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ခြံစည်းရိုးကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော အဘ ဦးနိုင်ဝင်းအေး ၉/မသန(နိုင်)၀၀၀၅၅၈ အမိ ဒေါ်နွယ်လေးလေးလတ် ၈/မကန(နိုင်)၁၁၈၉၂၉ တို့၏သမီး မသီရိထက်နိုင် ၁၃/သကန(နိုင်)၃၇၆၁၀၂ အား မမေဖြူစင်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေဖြူစင်ထက်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၁၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၇၀။ | ဦးဟန်ဝင်းအောင်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၇၇၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးဆန်းဝင်းနှင့်ဇနီး ဒေါ်တင်အုံးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၇၇၂။ | ကွယ်လွန်သူဦးကျော်လှိုင်နှင့် ဒေါ်လှလှရီတို့အား ရည်စူး၍ ဦးအောင်မိုးကျော်+ဒေါ်ခင်မျိုးဝင်း၊ ဦးထွန်းမြင့်အောင်+ဒေါ်စန်းစန်းရီ၊ ဗိုလ်မှူးကြီးအောင်ထွန်းလင်း+ဒေါက်တာနန်းအေးစန္ဒာထွန်း၊ ဗိုလ်မှူးအောင်ကျော်မင်း+ဒေါ်ခင်စိုးမိုး၊ ဦးဝင်းမြင့်အောင်၊ ဦးနေမျိုးအောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၇၇၃။ | ဦးချစ်လွင်နှင့်ဇနီး ဒေါ်သိန်းကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၇၇၄။ | ကိုငြိမ်းသူမောင်နှင့်ဇနီး မနွယ်နွယ်မိုးမိသားစုကောင်းမှု | ၁၈၀၀၀၀ |
| ၉၇၇၅။ | ဦးကြည်လင်းနှင့်ဇနီး ဒေါ်ထွေးခမ်း၊ (သား)မောင်ဇေလွှမ်းထက် မိသားစုကောင်းမှု | ၁၆၀၀၀၀ |
| ၉၇၇၆။ | ဦးတိုးတိုးနှင့်ဇနီး ဒေါ်နွယ်နွယ်ဦးမိသားစုကောင်းမှု | ၁၃၀၀၀၀ |
| ၉၇၇၇။ | ဒေါ်ခင်လှတင့်နှင့်ညီအစ်မများကောင်းမှု | ၁၂၀၀၀၀ |
| ၉၇၇၈။ | ဦးမျိုးဝဏ္ဏမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၇၇၉။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်သင်းအုံး၊ (သား)မောင်အောင်ချမ်းသာမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၇၈၀။ | တပ်ကြပ်ဆောင်းဝင်းလတ်နှင့်ဇနီး ဒေါ်ကျော့ကျော့လှိုင်၊ (သမီး)မယွန်းရွှေမှုံ၊ (သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၇၈၁။ | ဦးအောင်ဆန်းနှင့်ဇနီး ဒေါ်ဖြူ၊ (သား)မောင်ရဲရင့်လွင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၇၈၂။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်သင်းသင်းမာ၊ (သား)မောင်ခန့်ညားမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၇၈၃။ | ဦးခင်ထွန်းနှင့်ဇနီး ဒေါ်ခင်လှမြတ် မိသားစုကောင်းမှု | ၁၁၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၈၄။ | ဗိုလ်မှူးကြီးမောင်မောင်အုန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်စန်းအုန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၈၅။ | ဦးမြင့်လွင်ဦးနှင့်ဇနီး ဒေါ်ခင်ထွားမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၈၆။ | ဦးအောင်မျိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၈၇။ | ဦးကျော်မင်းနိုင်နှင့်ဇနီး ဒေါ်အေးအေးမိုး (သား)မောင်ဝေယံထွဏ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၈၈။ | ဦးကြည်နှင့်ဇနီး ဒေါ်ခင်စန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၈၉။ | ဦးဖေမြင့်နှင့်ဇနီး ဒေါ်ညိုညိုမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၀။ | ကွယ်လွန်သူမယွန်းရတီသော်အားရည်စူး၍ မမြတ်အိလွင်ကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၁။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်မမအားရည်စူး၍ ဦးဇော်လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၂။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးနိုင်ဦးနှင့်ဇနီး ဒေါ်ဖြူသဲခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၃။ | ဦးဖေသောင်းနှင့်ဇနီး ဒေါ်ဝင်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၄။ | ဦးကျော်စိုးမိုးနှင့်ဇနီး ဒေါ်သိမ့်သိမ့်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၅။ | ကွယ်လွန်သူ ဦးမြဦးနှင့် ဒေါ်မာဂရက်စိန်တို့အား ရည်စူး၍ (မြေး)မောင်ဉာဏ်ရဲကျော်နှင့် မောင်ကျော်ဟိုးလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၆။ | ကွယ်လွန်သူ ဦးသန်းလှိုင်သစ်နှင့် ဒေါ်ခင်စုစုတို့အား ရည်စူး၍ (မြေး)မောင်ဖိုးပြည့်၊ မောင်ညီညီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၇။ | ကွယ်လွန်သူဒေါ်စောစန္ဒာ(ခ)မူချိုအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၉၈။ | ဦးမိုးကျော်ကျော်မိသားစုကောင်းမှု | ၆၆၀၀၀ |
| ၉၇၉၉။ | ဦးတင်ငွေနှင့် ဒေါ်ခင်ပြုံးရီအမှူးထား၍ (သား)မောင်တင်ဦးမိသားစုကောင်းမှု | ၆၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၈၀၀။ | ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့်ဇနီး ဒေါ်သူဇာမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၁။ | ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၂။ | ဦးတင်ဦးနှင့် ဒေါ်တင်အေးအားအမှူးထား၍ ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်ချိုမာတင်၊ (သား)မောင်အောင်ကိုထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၃။ | ဦးကြည်ထွန်းနှင့်ဇနီး ဒေါ်ခင်စိုးနှင်းဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၄။ | ဦးဝင်းလွင်နှင့်ဇနီး ဒေါ်မိမိမျိုးမြတ်၊ (သား)မောင်ဖြိုးသီဟ၊ (သမီး)မဆုဝင်းထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၅။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်ကြည်ကြည်လှ၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၆။ | ဦးရွှေမြနှင့်ဇနီး ဒေါ်တင်တင်သောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၇။ | ဦးရွှေခိုင်နှင့်ဇနီး ဒေါ်မြင့်မြင့်ဆန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၈။ | ဦးဝေဖြိုးလွင်နှင့်ဇနီး ဒေါ်အိရွှေသက်၊ (သား)မောင်ခန့်ညား၊ (သမီး)မဖွေးရတနာခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၀၉။ | မောင်ကျော်လှျံထူးမွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၀။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်သန်းသန်းဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၁။ | ဦးဝင်းရှိန်နှင့်ဇနီး ဒေါ်မြမြရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၂။ | ဦးမင်းသန့်နှင့်ဇနီး ဒေါ်အေးသန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၃။ | ဦးစိုးလှိုင်နှင့်ဇနီး ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၄။ | ဦးအေးစိုးနှင့်ဇနီး ဒေါ်ခင်အုန်းသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၅။ | ကိုကျော်ဇေယျနှင့်ဇနီး မအိအိမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၆။ | ဦးကျော်ဆန်းဦးနှင့်ဇနီး ဒေါ်သင်းသင်းခိုင်၊ (သား)မောင်ကျော်လှိုင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၇။ | ကိုဖြိုးစည်သူနှင့်ဇနီး မယဉ်ယဉ်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၈။ | ကွယ်လွန်သူ ဦးစိုးကြည်နှင့် ဒေါ်အေးချစ်တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၁၉။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်လှနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၈၂၀။ | ဦးစောလွင်နှင့်ဇနီး ဒေါ်မာမာကြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ စီမံကိန်း(၂)လမ်း၊ ကျောက်ကြီးစုရပ်ကွက်နေ မမိုးမိုး(ဘ)ဦးစန်းဝေ ၇/ပခန(နိုင်)၄၆၈၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ နန်းသြအုပ်စု၊ နန်းသြရွာနေ ဦးသက်စိုးထိုက်(ဘ)ဦးဝင်းမောင် ၉/တကန(နိုင်)၁၅၁၈၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၁၈၈၈၁

### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ ဆီဆုံကုန်းကျေးရွာနေ နော်ဂေဒိုဖော(ဘ)စောအယ်သောဂေ ၇/ကတခ(နိုင်)၂၁၈၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 887770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၅၇၃၈၅၆

### ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကုန်းသာနေ ဒေါ်ငြိမ်း(ဘ)ဦးစိုးမြင့် ၉/ပဘန(နိုင်)၂၆၉၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 741454)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၅၂၄၄၂၆၃၈

### ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေတောရွာနေ ဦးမဏ္ဍလ(ဘ)ဦးကျင်စိုး ၁၂/သကတ(သ)၀၀၂၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 777094)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၅၂၄၄၂၆၃၈

### ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့၊ အိုင်တုန်းရွာနေ စိုးဌေးနိုင်(ဘ)ဦးတင်ထွန်း ၉/မထလ(နိုင်)၂၇၉၂၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၅၂၄၄၂၆၃၈

❖ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

နေပြည်တော် ဒီဇင်ဘာ ၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေးအတွက်ဆောင်ရွက်ခဲ့ရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သည့် အဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ကော်မတီ(Committee of Intangible Cultural Heritage) သို့ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်တွင် ပေးပို့တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အဆိုပြုစာတွဲကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးနှင့်ပတ်သက်၍ ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒီဇင်ဘာလ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" သည်

စာမျက်နှာ ၁၇ ကော်လံ ၁ ●

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ကျင်းပရာ **အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို

စာမျက်နှာ ၆ ကော်လံ ၁ ⇨



ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။


## ဆောင်းပါး

မြန်မာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှုများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည် စာ - ၁၂ သို့

ဂေါရင်ဂျီကျွန်းသို့ နိုဝင်ဘာလအတွင်း ပြည်တွင်းခရီးသွားဧည့်သည် ၁၂၀၀ ကျော် လာရောက်လည်ပတ် စာ - ၂၉ သို့

တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ စာ - ၂၅ သို့



